ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် တနလာနေ့။ Monday, 1 June 2026 ၁၂၉၆

နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနား ကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဧ ၃၁

မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Taj Mahal ဟိုတယ်၌ကျင်းပရာ အိန္ဒိယနိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အခမ်းအနား ကျင်းပပြုလုပ်မည့် Taj Mahal ဟိုတယ်သို့ရောက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်၊ အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (CII)မှ Senior Advisor ဖြစ်သူတို့က ကြိုဆိုနွေတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

နှစ်နိုင်ငံ ချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့

ဆောင်းပါး စာမျက်နှာ ၆

မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် အထောက်အကူပြုကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဒုတိယအကြိမ် မြစ်ကြီးနားမြို့သို့ရောက်ရှိ

စာမျက်နှာ ၁၅

ယနေ့ မိုးလေဝသ (၁-၆-၂၀၂၆)

နေပြည်တော်နှင့်အနီးတစ်ဝိုက်	နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရုန်ရာနှုန်းပြည့်ဖြစ်သည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်	မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရုန်ရာနှုန်းပြည့်ဖြစ်သည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်	နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရုန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/၈လ

၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

နေပြည်တော် ၊ မေ ၃၁

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှု ဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှု မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ " ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် " ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိ မြို့နယ် Ocean စျေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာ စာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ခုနစ်ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်ကလက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူ တစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍ သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို ဥက္ကဋ္ဌ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှ ဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ဝ၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာ နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ပေါင်မြို့နယ်၌ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်

ပေါင် ၊ မေ ၃၁

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သဘာဝဘေးဒဏ်များကြောင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် ဓာတ်အားလိုင်းများ ကြုံခိုင်မှုရှိစေရေးတို့အတွက် ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပေါင်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲထွန်း ဦးစီးသော ဝန်ထမ်းများသည် သထုံဓာတ်အားပေးစက်ရုံမှ ပေါင်မြို့သို့သွယ်တန်းထားသော 33 KV ဓာတ်အားလိုင်း တစ်လျှောက် ကြည့်ရှုစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့် နီးကပ်နေသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

၃၁ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌေ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ–အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖိုးမှ

ယင်းနောက် အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ–အိန္ဒိယချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ် Mr. A,nant Swa,rup Ji၊ အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်(CII)မှ Senior Advisor Dr. Vikramjit Singh Sahney Ji ၊ ဖိတ်ကြားထားသော မြန်မာ–အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

မြန်မာ – အိန္ဒိယ
နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေး

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှည်လျားလှသည့် ကုန်းမြေနှင့် ရေပြင် နယ်နိမိတ်ချင်း ထိစပ်နေရုံသာမက ရိုးရာယဉ်ကျေးမှုချင်း ဆက်နွယ်နေပြီး ရှေးနှစ်ပေါင်းများစွာကတည်းက ခိုင်မာသည့် သမိုင်းဝင်ချစ်ကြည်မှု အခြေခံကောင်းများရှိကြသည့် “အိမ်နီးချင်းကောင်း” နိုင်ငံများဖြစ်ကြကြောင်း၊ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓမြတ်စွာပွင့်ထွန်းရာ မြေမြတ်မဟာဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဆိုပါ ဗုဒ္ဓတရားတော်များနှင့် ယဉ်ကျေးမှုတို့ကို ယနေ့တိုင် အလေးအနက် တန်ဖိုးထားလိုက်နာ ထိန်းသိမ်းထားသည့်နိုင်ငံဖြစ်ကြောင်း။

ထိုသို့ မမှကြောင်းအရ၊ သမိုင်းကြောင်းအရ ဆက်နွယ်မှု၊ အပြန်အလှုန်လေးစားယုံကြည်မှုတို့သည် မိမိတို့နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် စိန်ရတုမှတ်တိုင်ကို အတူဖြတ်ကျော်ခဲ့ပြီး ယခုအခါ ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကိုလိုနီလက်အောက်တွင် အတူတကွနေခဲ့ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် ရှေးယခင်ကတည်းက ကူးလူးဆက်ဆံမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများစွာရှိပြီး ယနေ့ထက်တိုင် အေးအတူ ပူအမျှ အတူတကွနေထိုင်လုပ်ကိုင်လျက်ရှိကြကြောင်း။

ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့နှင့် ထိတွေ့ဆက်ဆံသည့်မူဝါဒ (Act East Policy)နှင့် (Neighbourhood First Policy)တို့ကို ပိုမိုမြှင့်ခိုင်မာစေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အဆွေတော်တို့ သိရှိပြီးဖြစ်သည့်အတိုင်း မိမိတို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် အစိုးရသစ်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံအဖြစ် ခိုင်မာအားကောင်းအောင် မိမိအနေဖြင့် ဆောင်ရွက်နေကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးတိုးမြှင့်နိုင်ရေး ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ – အိန္ဒိယ
နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု

လက်ရှိအချိန်တွင် မြန်မာ – အိန္ဒိယ နှစ်နိုင်ငံအစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာသည်နှင့်အမျှ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများတိုးတက်ခိုင်မြဲလာသည်ကို တွေ့ရကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများတွင်ပါဝင်ပြီး မြန်မာနိုင်ငံက စတုတ္ထမြောက် ပို့ကုန်အများဆုံးတင်ပို့နေသည့် နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံကို ဆဋ္ဌမမြောက် သွင်းကုန်အများဆုံး တင်သွင်းနေသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုသည် နှစ်စဉ် ပျမ်းမျှ ၁ ဒသမ ၅ ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်ပိုများပြားကြောင်း။

မြန်မာနိုင်ငံမှ အိန္ဒိယသို့ မတ်ပဲ၊ ပဲစင်းငုံနှင့် မြေထောက်ပဲ၊ ရေထွက်ပစ္စည်း၊ ချုပ်ပြီးအထည်၊ သစ်ပါးလွှာနှင့် အထပ်သားတို့ကို အဓိကတင်ပို့နေပြီး မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယထုတ်ကုန်များဖြစ်သည့် ဆေးဝါး၊ ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လယ်ယာသုံးစက်ပစ္စည်းများကို အဓိကတင်သွင်းနေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံမှ ပို့ကုန်များတိုးမြှင့်နိုင်ရေး ဆောင်ရွက်စေလိုကြောင်း၊ ဥပမာအားဖြင့် သံနှင့် သံမဏိ၊ ဆေးဝါး၊ ဓာတုဗေဒပစ္စည်းများ ဖြစ်ကြောင်း။

အိန္ဒိယနိုင်ငံ၏
ရင်းနှီးမြှုပ်နှံမှုအခြေအနေ

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၉ ခု၊ အမေရိကန်ဒေါ်လာ ၇၈၂ ဒသမ ၃၈၅ သန်းနှင့် ၁၁ နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယရင်းနှီးမြှုပ်နှံမှုသူများ အနေဖြင့် မြန်မာနိုင်ငံ၏ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတို့တွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏
ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကြီးမားသည့် ဈေးကွက်နှင့် လျင်မြန်စွာ တိုးတက်နေသည့် အာဆီယံဒေသတွင်း အချက်အချာကျသည့်နေရာတွင် ရှိနေကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတု၊ လုပ်သားအင်အားနှင့် လုံလောက်သည့် စိုက်ပျိုးမြေအကျယ်အဝန်းရှိပြီး အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့်နိုင်ငံ ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများကိုအသုံးချပြီး စားရေရိက္ခာအဓိကထုတ်လုပ်သည့်နိုင်ငံ ဖြစ်စေရေး မူဝါဒချမှတ်ဆောင်ရွက်နေကြောင်း။

အိန္ဒိယနိုင်ငံသည် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများတွင် အားကောင်းသည့်အတွက် မြန်မာနိုင်ငံတွင် မွေးမြူရေး လုပ်ငန်းများနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အခွင့်အလမ်းများရှိကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းအတွက် လိုအပ်သည့် ဆေးဝါးများကို ပြည်ပမှတင်သွင်းလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် ဆေးဝါး (Generic Medicine) ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆေးဝါးလိုအပ်ချက် ၆၀ ရာခိုင်နှုန်း ဝန်းကျင်ခန့်ကို အိန္ဒိယနိုင်ငံမှ တင်သွင်းနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာ ရှိကြောင်း။

MSME လုပ်ငန်းများသည် မြန်မာ့စီးပွားရေး၏ မောင်းနှင်အားဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် နည်းပညာတိုးတက်မှုများကိုလည်း မိမိတို့အနေဖြင့် များစွာအသိအမှတ်ပြုကြောင်း၊ စက်မှုအုပ်စုများ (Industrial Clusters) တည်ထောင်ခြင်း၊ နည်းပညာလွှဲပြောင်းရယူခြင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများ (Vocational Training) ပူးပေါင်းဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံ အကျိုးရှိမည့် Value Chain တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုကုန်ကျစရိတ်နှင့် အချိန်ကို လျှော့ချနိုင်ရန် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ဆက်သွယ်မှုသည် အလွန်အရေးကြီးကြောင်း။

ကုလားတန့်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း (Kaladan Multi-Modal Transit Transport Project)နှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး (Trilateral Highway) တို့သည် နှစ်နိုင်ငံကုန်သွယ်မှုကိုသာမက အာဆီယံ-အိန္ဒိယ စီးပွားရေးစကြံကိုပါ ဖွင့်လှစ်ပေးမည့် သော့ချက်များ ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါစီးပွားရေးစကြံများတစ်လျှောက် အထူးစီးပွားရေးဇုန်များ (SEZs)နှင့် ထောက်ပံ့ပို့ဆောင်ရေးအခြေခံအဆောက်အအုံ (Logistics Hubs)များတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ဦးစားပေးဖိတ်ခေါ်မှု

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများအဖြစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဝန်ဆောင်မှု၊ ဆေးဝါးထုတ်လုပ်မှု၊ စွမ်းအင်ဆိုင်ရာ အခြေခံ အဆောက်အအုံများအဖြစ် သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံမှုဖြင့်တင် မည့် ကဏ္ဍများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ် ဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်၏လိုအပ်ချက်အရ ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့် သံမဏိထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရန် လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်း ကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်းစသည့် ကဏ္ဍများတွင် မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးဝန်ဆောင်မှုများဖြင့် အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းထွက်ကုန်အခြေခံသစ်အချောထည် ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သားနှင့် သစ်ခွဲသားထုတ်လုပ်မှုလုပ်ငန်းများ အပြင် အဆင့်မြင့်ချည်၊ အဆင့်မြင့် ရော်ဘာနှင့် ရော်ဘာအခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ရွေးကောက်ခံအစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အထူးအလေးထား ဆောင်ရွက်နေကြောင်း။

အထူးသဖြင့် စည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒစ်ဂျစ်တယ်စနစ် (Digital Transformation)သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာဒစ်ဂျစ်တယ်လမ်းပြမြေပုံ (၂၀၃၀)ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြေဧရိယာ ၈က ၁၀၀၀ ခန့်အား ရတနာနာပုံဆိုက်ဘာစီးတီး (ရတနာပုံမြို့သစ်) စီမံကိန်းအဖြစ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် IT ကဏ္ဍတွင် အောင်မြင်ပြီးဖြစ်သည့် အိန္ဒိယလုပ်ငန်းရှင်များအနေဖြင့် IT နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများကို လာရောက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ပင်ဖြစ်ကြောင်း။ စာမျက်နှာ ၄ သို့ ☆

☆ နိုင်ငံတော်၏လိုအပ်ချက်အရ ဓာတ်မြေဩဇာ၊ ဘိလပ်မြေနှင့် သံမဏိထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်စေရန် လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်း စသည့်ကဏ္ဍများတွင် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးဝန်ဆောင်မှုများဖြင့် အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်

☆ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အထူးအလေးထားဆောင်ရွက်နေ

★ စာမျက်နှာ ၃ မှ

အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းဦးစားပေးမူဝါဒ၊ အရှေ့နှင့် ထိတွေ့ဆက်ဆံသည့် မူဝါဒ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးအရ အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုသာမက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် လက်ရှိထက်အဆများစွာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများရှိနေခြင်းဖြစ်ကြောင်း၊ အဆိုပါအလားအလာများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ပိုမိုနီးကပ်စွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆောင်ရွက်မှု

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးသည် လုပ်ငန်းရှင်များအတွက် အရေးကြီးသည်ကို ကောင်းစွာသိရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်မှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ထားရှိမှုအချို့ကို မျှဝေလိုကြောင်း၊ မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် ရုပ်ဝီး-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို ၂၀၂၄ ခုနှစ်တွင် စတင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစနစ်သည် “Special Rupee Vostro Account (SRVA)ကို အသုံးပြုပြီး နှစ်နိုင်ငံငွေကြေးဖြစ်သည့် ရုပ်ဝီး-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ဖြစ်သည့်အတွက် စရိတ်စကသက်သာစွာဖြင့် ဆောင်ရွက်နိုင်ပြီး နယ်စပ်ကုန်သွယ်မှုသာမက ပုံမှန်ကုန်သွယ်မှုအတွက်လည်း ပါဝင်ခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှုသာမက နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ရေး အစဉ်တစိုက် ကြိုးပမ်းလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန် ကုန်အမှတ်တံဆိပ် စက်မှုဒီဇိုင်းတိထွင်မှုနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေတို့သည် ၂၀၂၄ ခုနှစ်တွင် အပြည့်အဝ အသက်ဝင်လည်ပတ်နေပြီဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာမြဲမြံစေရန် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်အသစ် ချုပ်ဆိုနိုင်ရေးအတွက် ဆက်လက်ဆွေးနွေး ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အားကောင်းလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်မှု၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် အိန္ဒိယလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူးဖိတ်ခေါ်လိုကြောင်း၊ မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် စီးပွားရေးတွက်ခြေကိုက်မှုတစ်ခုတည်းကို သာမကဘဲ ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှု (Ecology and Economy Balancing) ကိုလည်းအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အလေးထားသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု (Responsible Investment) များကို အပြည့်အဝ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်ရှိသည့် အိန္ဒိယရင်းနှီးမြှုပ်နှံသူများ၏ အဆင်ပြေချောမွေ့စေရေးကို လည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အလားအလာများအတွက် အာဆီယံနှင့် တရုတ်နိုင်ငံတို့သို့ ဆက်သွယ် ချိတ်ဆက်ပေးထားသည့် အသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းပါဝင်လာနိုင်ခြင်းသည် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် Business-to-Business Engagement များ တိုးတက်လာစေရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းကြောင်းအရ ထူးခြားပြီး ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမှုဆက်ဆံရေးများအပေါ် အခြေခံတည်ဆောက်ထားသော ခိုင်မာသည့် ဆက်ဆံရေးဖြစ်ကြောင်း၊ နှစ်နိုင်ငံသည်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ကုန်သွယ်ရေး၊ ချိတ်ဆက်မှု၊ အခြေခံအဆောက်အအုံ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဒီဂျစ်တယ် ပူးပေါင်းဆောင်ရွက်မှု၊ စွမ်းရည်မြှင့်တင်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စသည့် ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့လာနိုင်ပါကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမှာ နှစ်စဉ်တိုးတက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် အခွင့်အလမ်း များစွာရှိပါကြောင်း၊

> **★ မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ရေး အစဉ်တစိုက် ကြိုးပမ်းလျက်ရှိ**
>
> **★ မိမိအနေဖြင့် ကုန်ပစ္စည်းများရောင်းချရာတွင် အမြတ်နည်းနည်းဖြင့် အရေအတွက်များများရောင်းချသည့် မူဝါဒကို ချမှတ်ထား**
>
> **★ အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများဖြစ်သည့် သံနှင့်သံမဏိများ၊ဓာတ်မြေဩဇာများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရောင်းချမည်ဆိုပါကလည်း မိမိတို့အနေဖြင့်ဖိတ်ခေါ်ကြောင်း၊ မိမိတို့နိုင်ငံမှတစ်ဆင့် အခြားအိမ်နီးချင်းနိုင်ငံများသို့ ပြန်လည်ရောင်းချနိုင်သည့် စျေးကွက်လည်းရှိကြောင်း၊ ထားဝယ်ရေနက်စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ကြောင်း။**
>
> **★ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ကုမ္ပဏီများသည် ရေးယခင်ကတည်းကလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေကိုလည်း သိရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး စီးပွားရေးနှင့်ပတ်သက်၍လည်း ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့နိုင်ငံတွင် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် အတူ နေ့လယ်စာကိုအတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တံတားတစ်စင်း (Land Bridge) သဖွယ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်ဦးနှစ်ဖက် ရေရည်မျှဝေခံစားကြမည့် “Win-Win” အခြေအနေကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ အဆင့်မြင့်နည်းပညာ၊ အရင်းအနှီးများနှင့် မြန်မာနိုင်ငံ၏ကြွယ်ဝသည့် သဘာဝသယံဇာတ၊ တည်ငြိမ်အာနာအချက်အချာ၊လူငယ်လုပ်သားထုတို့ကို အထိရောက်ဆုံး ပေါင်းစပ်ပြီး တန်ဖိုးဖြင့်ထုတ်ကုန် (Value-added)နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း။

ယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို မျှဝေခွင့် ရသည့်အတွက် အထူးဝမ်းမြောက်ကြောင်း၊ ယနေ့ တွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသမိုင်းစာမျက်နှာသစ်ကို အတူတကွဖွင့်လှစ်နိုင်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲကာ နှစ်နိုင်ငံပြည်သူများအတွက် သာယာဝပြောသည့် အနာဂတ်ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုအသင်းချုပ်(FICCI) အတွင်းရေးမှူးချုပ်နှင့် အိန္ဒိယစက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်(CII)မှ Senior Advisor ဖြစ်သူတို့က ပြန်လည်ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှည်လျားသည့် မိတ်ဖက်ဆက်ဆံရေးရှိပြီး မိမိတို့အနေဖြင့် လွန်ခဲ့သာတန်ဖိုးထားပါကြောင်း၊ မြန်မာနိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ ကုန်သည်ကြီးများ မြန်မာ- အိန္ဒိယနှစ်နိုင်ငံတို့သည် လွန်ခဲ့သာ အလားအလာကောင်းသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးကို တိုးမြှင့်စွမ်းဆောင်ရန် အကောင်းဆုံးအနေအထား တွင်ရှိနေပါကြောင်း၊ ယနေ့,ကဲ့သို့သော တွေ့ဆုံဆွေးနွေးမှုသည် မဟာဗျူဟာရည်ရွယ်ချက်များကို လက်တွေ့ကျသော ရလဒ်များအဖြစ် ဆောင်ရွက်နိုင်သည့် နည်းလမ်းများဖြစ်သည်ကို တွေ့ရပါကြောင်း၊ ယနေ့,တွေ့ဆုံမှုမှတစ်ဆင့် ပိုမိုနိုင်မာသော စီးပွားရေးချိတ်ဆက်မှုများ၊ လက်တွေ့ကျသောရလဒ်များနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေး

ဆက်လက်၍ အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက်အစိုးရမှ အားပေးထောက်ပံ့ပေးစေလိုမှု၊ နှစ်နိုင်ငံကုန်သွယ်မှုအကြား ငွေကြေးလဲလှယ်မှုဆိုင်ရာများနှင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများ အဆင်ပြေချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကို ကောင်းစွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများရှိပြီးဖြစ်သောကြောင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရေး အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေးကုမ္ပဏီများကို ဖိတ်ခေါ်ရာတွင် မည်ကဲ့သို့ဖိတ်ခေါ်လိုမှု၊ မြန်မာနိုင်ငံတွင် IT နည်းပညာတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ အိန္ဒိယနိုင်ငံ ကုမ္ပဏီများအပေါ် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်စေလိုမှု၊ ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားလိုမှု၊ မြန်မာ့ပဲအမျိုးမျိုးသည် အရည်အသွေးမြင့်ခြင်းကြောင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုကြောင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်နိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြသည်။

ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

အိန္ဒိယနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်နိုင်ငံအကြား ငွေကြေးလဲလှယ်မှုဆိုင်ရာများ အဆင်ပြေချောမွေ့စေရေး အတွက် နိုင်ငံတော်အစိုးရအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ပေးလျက်ရှိမှု၊ အခွန်ကောက်ခံမှုစနစ်များကိုလည်း သတ်မှတ်ချက်များနှင့်အညီသာ ကောက်ခံလျက်ရှိမှု၊ ကုန်သွယ်မှုများ ငွေပေးချေမှုများကို အဆင်ပြေစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေးအတွက်မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ မတ်ပဲစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းနှစ်ခုစလုံးတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ IT လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် လိုအပ်သည့်ဖြေလျှော့မှုများကို ဆောင်ရွက်ပေးနိုင်မှုနှင့် လတ်တလောကာလတွင် ပြင်ဦးလွင်မြို့ရှိ ရတနာပုံဆိုက်ဘာစီးတီးတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေးအတွက် အိန္ဒိယနိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံနိုင်မှုများကို ဖိတ်ခေါ်ကြောင်း၊ ကုန်သွယ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများ ခိုင်မာအားကောင်းရန် လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများတွင် မိမိတို့အနေဖြင့် အာမခံနိုင်သည့် လုပ်ငန်းများကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းရန်လိုကြောင်း။

မိမိအနေဖြင့် ကုန်ပစ္စည်းများရောင်းချရာတွင် အမြတ်နည်းနည်းဖြင့် အရေအတွက်များများ ရောင်းချသည့်မူဝါဒကို ချမှတ်ထားကြောင်း၊ အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများဖြစ်သည့် သံနှင့်သံမဏိများ၊ ဓာတ်မြေဩဇာများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရောင်းချမည်ဆိုပါကလည်း မိမိတို့အနေဖြင့်ဖိတ်ခေါ်ကြောင်း၊ မိမိတို့နိုင်ငံမှတစ်ဆင့် အခြားအိမ်နီးချင်းနိုင်ငံများသို့ ပြန်လည်ရောင်းချနိုင်သည့် စျေးကွက်လည်းရှိကြောင်း၊ ထားဝယ်ရေနက်စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ကြောင်း။

ကုန်သွယ်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်စေလိုကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံအတွက် လိုအပ်သည့် ပစ္စည်းများ တိုက်ရိုက်တင်သွင်းခြင်းကို မဖြစ်မနေခွင့်ပြုပေးလျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှလိုအပ်သည့်ပစ္စည်းများကို တင်ပို့နိုင်ရေး ဆောင်ရွက်သွားစေလိုကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် နှစ်ဖက် ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့အစည်းတစ်ခုကိုဖွဲ့စည်း၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း။

IT လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့် နှစ် ၂၀ ခန့်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးတွင် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့်နောင့်နေးနေခဲ့ကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလိုပါက ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် IT နည်းပညာနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်ရန် များစွာလိုအပ်နေသေးကြောင်း၊ ယခုအခမ်းအနားသို့ တက်ရောက်လာကြသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံသည် သမိုင်းကြောင်းအရ များစွာတူညီမှုရှိကြောင်း၊ မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများစွာရှိကြောင်း၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်ပြီး ယဉ်ကျေးမှုဆိုင်ရာများတွင်လည်းပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ကုမ္ပဏီများသည် ရေးယခင်ကတည်းကလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေကိုလည်း သိရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး စီးပွားရေးနှင့်ပတ်သက်၍လည်း ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့နိုင်ငံတွင် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ NETRA (NTPC Energy Technology Research Alliance) သို့ သွားရောက်လေ့လာ

နေပြည်တော် မေ ၃၁

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့်ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် Greater Noida မြို့ရှိ NETRA (NTPC Energy Technology Research Alliance) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် NETRA (NTPC Energy Technology Research Alliance) သို့ ရောက်ရှိကြရာ ကုမ္ပဏီအကြီးအကဲ Mr. Gurdeep Singh နှင့် တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာဖြင့်ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကုမ္ပဏီကွန်ဖရန့်ခန်းမ၌ နိုင်ငံတော်သမ္မတနှင့် ကုမ္ပဏီ အကြီးအကဲတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ထို့နောက် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက NETRA (NTPC Energy Technology Research Alliance) ၏ လုပ်ငန်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ NETRA (NTPC Energy Technology Research Alliance)၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြပြီး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကာဗွန်ထုတ်လုပ်မှု သုည်အဆင့် အထိလျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စွမ်းအင်ကူးပြောင်းမှု ဆိုင်ရာ စီမံချက်နှင့်ကိုက်ညီသော NETRA ၏ လုပ်ဆောင်မှုများ၊ NTPC သည် ၎င်း၏ CCUS နည်းပညာကို ပိုမိုကြီးမားသော အတိုင်းအတာဖြင့် တိုးမြှင့် အကောင်အထည်ဖော်ရန် NTPC Pudimadaka တွင် စတင်ဆောင်ရွက်နေမှု၊ ဂရင်းဟိုက်ဒရိုဂျင် ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကြာရှည်ခံ စွမ်းအင် သိုလှောင်မှုစနစ်၊ ရေ/ရေအရင်းအမြစ်နည်းပညာများ၊ နေရောင်ခြည် စွမ်းအင်သုံးစနစ်၊ အဆင့်မြင့်သိပ္ပံနည်းကျ စွမ်းအင် ထုတ်လုပ်မှုများ၊ NETRA (NTPC Energy Technology Research Alliance) ၏ ITEC စွမ်းရည်တိုးတက်ရေးအစီအစဉ်များမှမြန်မာနိုင်ငံသားကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဆင့်မြင့်သိပ္ပံနည်းကျ စွမ်းအင်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် CO_2 Based Closed Brayton Cycle Energy Storage System၊ Plasma Gasification based Green Hydrogen Generation from MSW-RDF/Agri-waste၊ 10 TPD Flue Gas-CO_2 To Methanol Plant(FG-CTM) ပုံစံငယ်များကို ကြည့်ရှုလေ့လာရာ ကုမ္ပဏီအကြီးအကဲနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကုမ္ပဏီသို့ ရောက်ရှိလေ့လာမှု အထိမ်းအမှတ်အဖြစ် အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် NETRA (NTPC Energy Technology Research Alliance) ကုမ္ပဏီအကြီးအကဲ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။


ဆက်လက်ပြီး NTPC ရှိ NET zero စွမ်းအင်ထုတ်လုပ်မှု အဆင့်ဆင့်လုပ်ငန်း ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက နေရောင်ခြည်စွမ်းအင်၊ ဘက်ထရီသိုလှောင်မှုစနစ်၊ ဟိုက်ဒရိုဂျင် အခြေခံစွမ်းအင် ထုတ်လုပ်မှုစနစ်၊ မြူနီစီပယ်အမှိုက်စွန့်အမှိုက်များမှ ဓာတ်အား ထုတ်ယူမှုများကို အဆင့်အလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာဖြင့် ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

အဆိုပါ NETRA (NTPC Energy Technology Research Alliance) သည် အိန္ဒိယနိုင်ငံတွင် အကြီးဆုံးစွမ်းအင်ကုမ္ပဏီလုပ်ငန်းစုကြီးဖြစ်သော NPC Limited ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကို အဓိကလုပ်ဆောင်ခြင်း ဖြစ်ကြောင်း၊ NETRA ကုမ္ပဏီသည် စွမ်းအင်ကဏ္ဍအတွက် နောက်ဆုံးပေါ် ရေရှည်တည်တံ့ပြီး စီးပွားရေးအရ တွက်ခြေကိုက်သောနည်းပညာများ တီထွင်ဖန်တီးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့၏ အဓိကဦးစားပေး လုပ်ငန်းနယ်ပယ်များမှာ ထိရောက်မှုမြှင့်တင်ရေးနှင့် ကုန်ကျစရိတ်လျော့ချရေး၊ စွမ်းအင်သစ်များနှင့် ပြန်လည် ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေထိန်းသိမ်းရေး၊ ပြာအသုံးချမှု ကာဗွန်ဖမ်းယူမှု၊ အသုံးပြုမှုနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတို့ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးတို့ပါဝင်ကြောင်း၊ NETRA သည် သုတေသနအပြင် ဓာတ်အားပေးစက်ရုံများနှင့် အခြားပြည်သူ့ဝန်ဆောင်မှုများကို လည်း ဆောင်ရွက် ပေးလျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြင့်သိပ္ပံနည်းကျစွမ်းအင်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပုံစံငယ်များကို ကြည့်ရှုလေ့လာစဉ်။



အဆင့်မြင့်သိပ္ပံနည်းကျစွမ်းအင်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပုံစံငယ်ကို တွေ့ရစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် NTPC ရှိ NET zero စွမ်းအင်ထုတ်လုပ်မှုအဆင့်ဆင့် လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုလေ့လာစဉ်။

နှစ်နိုင်ငံ ချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့

သက်လွင်(PPIB)

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ အဲဒီအချိန်က နိုင်ငံတော်ကို တာဝန်ယူခဲ့တဲ့ NLD အစိုးရအဖွဲ့ဟာ ၎င်းတို့ပါတီရဲ့ အာဏာဆက်လက်တည်တံ့ရေးအတွက် ရွေးကောက်ပွဲပြုလုပ်ချိန်မှာ မဲမသမာမှုပေါင်းများစွာကို ပြုလုပ်ခဲ့ပြီး နိုင်ငံတော်ရဲ့အာဏာကို အဓမ္မနည်းလမ်းဖြင့် ဆက်လက်ရယူဖို့ကြိုးပမ်းလုပ်ဆောင်ခဲ့ကြတယ်။ ဒီလိုလုပ်ဆောင်ခြင်းကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ရတယ်။

ဒီလိုတပ်မတော်ရဲ့ မလွှဲမရှောင်သာ တာဝန်ယူရမှုကို မလိုလားတဲ့ နိုင်ငံအချို့နဲ့ ပြည်ပအဖွဲ့အစည်းအချို့ဟာ တပ်မတော်ရဲ့ နိုင်ငံတော်တာဝန်ထမ်းဆောင်မှုကို အခက်အခဲဖြစ်စေဖို့ နိုင်ငံရေးနည်းလမ်းများ၊ စီးပွားရေးနည်းလမ်းများ အပါအဝင် နည်းလမ်းပေါင်းစုံနဲ့ အဘက်ဘက်ကနေ ပိတ်ဆို့နှောင့်ယှက်ပေးမှုတွေ ဆောင်ရွက်ခဲ့ကြပါတယ်။ တပ်မတော်ရဲ့ နိုင်ငံရေးတာဝန်ထမ်းဆောင်မှုအပေါ် နိုင်ငံရေးအရသဘောထားမတိုက်ဆိုင်တဲ့ PDF အမည်ခံအကြမ်းဖက်သမားများ ပေါ်ပေါက်လာခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် EAO တွေအပေါ် နောက်ကွယ်ကနေ ထောက်ပံ့ပေးမှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုအနောက်ကနေ သွေးထိုးလှုံ့ဆော်ပြီး အကြမ်းဖက်သမားတွေကို ထောက်ပံ့ပေးနေမှုတွေကြောင့် မိမိတို့နိုင်ငံအတွင်းက အကြမ်းဖက် သောင်းကျန်းမှုတွေဟာ သက်ဆိုးရှည်ကြာလာခဲ့ရပါတယ်။

ယနေ့အချိန်မှာတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများရဲ့ ဆန္ဒနဲ့အညီ ရွေးချယ်တင်မြှောက်ခဲ့တဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ဟာ နိုင်ငံတော်ကို ဦးဆောင်ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေပြီပဲ ဖြစ်ပါတယ်။ ဒီလိုလွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ မဲဆန္ဒရှင် စုစုပေါင်း၏ ၇၄ ဒသမ ၂၂ ရာခိုင်နှုန်းက ၎င်းတို့ ဆန္ဒအလျောက် ဆန္ဒမဲပေးခဲ့ကြပြီး အဲဒီအထဲမှာ လူငယ်



မေ ၃၀ ရက်က အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘီဟာပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဂါယာလေဆိပ်၌ လှိုက်လဲစွာနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နှင့် လူလတ်ပိုင်းအများစု ပါဝင်ခဲ့ကြတာကို ဆန္ဒမဲပေးခဲ့ကြတဲ့ ပြည်သူများ အားလုံး အသိပဲဖြစ်ပါတယ်။

ဒီလိုရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်မှာလည်း နိုင်ငံတကာက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များပါလာရောက်လေ့လာခဲ့ကြပြီး မြန်မာနိုင်ငံရဲ့ ယခုကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်တယ်ဆိုတာကို လာရောက်ခဲ့ကြတဲ့ နိုင်ငံတကာက စောင့်ကြည့် လေ့လာကြသူများရဲ့ ပြောကြားမှုများကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ သို့သော်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အချို့နိုင်ငံများအပါအဝင် ဒီလို ပွင့်လင်းမြင်သာစွာဖြင့် ဒီမိုကရေစီနည်းလမ်းတကျနဲ့ ကျင်းပပြုလုပ်ခဲ့တဲ့ မိမိတို့နိုင်ငံရဲ့ ရွေးကောက်ခံအစိုးရအပေါ်မှာ ၎င်းတို့အလိုကျ ခြယ်လှယ်နိုင်မယ့် အစိုးရအဖွဲ့ မဟုတ်တဲ့အတွက် ၎င်းတို့အနေနဲ့ မြန်မာနိုင်ငံအပေါ် ဆက်လက် ဖိနှိပ်ဆန့်ကျင်နေကြဆဲပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီနည်းလမ်းတကျနဲ့ ပေါ်ပေါက်လာတဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အစိုးရသစ်ဟာ နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပိတ်ဆို့မှုအမျိုးမျိုးကြားမှ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့လည်း တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ရပ်ကွက်တစ်ခုလို့ဆိုရာမှာ အိမ်တစ်အိမ်တည်း၊ ခြံတစ်ခြံတည်း ဖွဲ့စည်းလို့မရပါဘူး။ ဒီလိုပါပဲ ကမ္ဘာပေါ်က နိုင်ငံတွေအနေနဲ့လည်း အိမ်နီးချင်း၊ ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေး ကောင်းမွန်ဖို့ အစဉ် ကြိုးပမ်းလုပ်ဆောင်ကြရပါတယ်။

၎င်းတို့ သက်ဆိုင်ရာအလိုက် ဝင်ရောက်ထားတဲ့ အဖွဲ့ဝင်နိုင်ငံများ၊ ရေနယ်နိမိတ်၊ လေနယ်နိမိတ်နဲ့ ကုန်းနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိတဲ့ အိမ်နီးချင်းနိုင်ငံများလည်းရှိကြပါတယ်။

အဓိကအားဖြင့် နိုင်ငံတစ်နိုင်ငံ အနေနဲ့ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တည်တံ့ခိုင်မြဲနေဖို့ လိုအပ်ပါတယ်။ ဒီလိုကောင်းမွန်နေဖို့ အတွက် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေ၊ ရင်းနှီးကျွမ်းဝင်မှုတွေရှိနေဖို့ အထူး လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတွေအနေနဲ့ မိမိတို့ အိမ်နီးချင်းနိုင်ငံများနှင့် သံတမန်ရေးအရ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ အိမ်နီးချင်းနိုင်ငံအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေမှသာ နှစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုအခါမှာလည်း မိမိတို့ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဟာ မိမိတို့နိုင်ငံရဲ့ အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီရဲ့ ဖိတ်ကြားမှုအရ အိန္ဒိယသမ္မတနိုင်ငံသို့ မေ ၃၀ ရက် နံနက် ၈ နာရီတွင် နေပြည်တော်လေဆိပ်ကနေ အထူးလေယာဉ်နဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာခဲ့ပါတယ်။ ဒီလိုထွက်ခွာတဲ့ အချိန်မှာ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတများဖြစ်ကြတဲ့ ဦးညီဥစော၊ ဒေါ်နန်းခိုမိုအေး၊ အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးတွေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးနဲ့ စစ်သံရုံးမှ တာဝန်ရှိသူတွေဟာ လေဆိပ်မှာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာတဲ့ အထူးလေယာဉ်ကြီးဟာ အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂါယာအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဒေသစံတော်ချိန် နံနက် ၉ နာရီမှာ ရောက်ရှိကြပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ဂါယာအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မိုးလွင်၊ မြန်မာကောင်စစ်ဝန်ချုပ်နဲ့ ဘီဟာပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတွေက လှိုက်လဲစွာနွေးထွေးစွာနဲ့ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ အဲဒီလို ကြိုဆိုနှုတ်ဆက်တဲ့ အချိန်မှာလည်း ဘီဟာပြည်နယ်မှ ဂုဏ်ပြုတပ်ဖွဲ့ကလည်း နိုင်ငံတော်သမ္မတကို ဂုဏ်ပြုကြိုဆို ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ နွေရာသီဟာ အပူရှိန် မြင့်မားလေ့ရှိပြီး မိမိတို့မလာရောက်မီ ရက်ပိုင်းက မိုးရွာသွန်းထားသဖြင့် ရာသီဥတုအနေအထားမှာ သင့်တင့်မျှတပြီး ကောင်းမွန်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မိမိတို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ရောက်ရှိနေတဲ့နေရာဟာ မြန်မာလူမျိုးတို့ရဲ့ သက်ဝင်ကိုးကွယ်ယုံကြည်ရာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ မြတ်ဗုဒ္ဓပွင့်တော်မူရာ အထွတ်မြတ်ဆုံးသော နယ်မြေဒေသဖြစ်တဲ့ ဗုဒ္ဓဂါယာ ယဉ်ကျေးမှုနယ်မြေကို မဟာသမယ နယုန်လပြည့်နေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိတယ်ဆိုတဲ့ ထူးခြားတဲ့ကြည်နူးမှု ခံစားချက်ကို မိမိတို့ ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးရဲ့ စိတ်ထဲမှာ ခံစားရပါတယ်။

စာမျက်နှာ ၇ သို့ »»



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar တို့ မေ ၃၀ ရက်က ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

“နိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တည်တံ့ခိုင်မြဲနေဖို့ လိုအပ်ပါတယ်။ ဒီလိုကောင်းမွန်နေဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေ၊ ရင်းနှီးကျွမ်းဝင်မှုတွေရှိနေဖို့ အထူး လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတွေအနေနဲ့ မိမိတို့ အိမ်နီးချင်းနိုင်ငံများနှင့် သံတမန်ရေးအရ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုအရ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ အိမ်နီးချင်းနိုင်ငံအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေမှသာ နှစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မှာဖြစ်”

»» စာမျက်နှာ ၆ မှ

ဂါယာမြို့ဟာ ယခင် မိမိရောက်ရှိခဲ့သည့် ၂၀၁၆ ခုနှစ်ကာလနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော် သမ္မတကြီးအနေဖြင့် ဂါယာမြို့သို့ ရောက်ရောက်ချင်း၌ပင် မဟာဗောဓိ မဟာဝိဟာရဘုရားကျောင်းသို့ သွားရောက်ကာ မဟာဗောဓိစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုပါတယ်။ ဒီလို သွားရောက်ဖူးမြော်တဲ့ အချိန်မှာ မဟာဗောဓိကျောင်းဆရာတော်ကြီးက မဟာဗောဓိစေတီတော်မြတ်ကြီး ပြုပြင်ထိန်းသိမ်းလျက်ရှိမှု အခြေအနေတွေကို ရှင်းလင်းမိန့်ကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ မဟာဗောဓိစေတီတော်ကြီးရဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ သင်္ကန်းနှင့် မြသပိတ်ဆွမ်းတော်များ ကပ်လှူူဒေါ်ကာ စေတီတော်ကြီး ဘက်စုံပြုပြင်ထိန်းသိမ်းမွမ်းမံရန်အတွက် အလှူငွေများကို ကျောင်းထိုင် ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ ဒုံအပြင် မဟာဗောဓိပင်၌လည်း ပန်း၊ ရေချမ်းများ ကပ်လှူသကဲ့သို့ မိမိတို့ နိုင်ငံရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များတွင် အကြီးဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ စကျင်ကျောက်ဖြင့် ပြုလုပ်ထားတဲ့ ရုပ်ပွားတော် တစ်ဆူကိုလည်း လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်များဟာ မဟာဗောဓိ မဟာဝိဟာရဘုရားကျောင်းဝင်းအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။

ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ဂါယာအပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ အိန္ဒိယနိုင်ငံ၏ အစိုးရရုံးစိုက်ရာ ဒေလီမြို့သို့ အထူးလေယာဉ်ခဲ့နဲ့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ဒီလို ထွက်ခွာတဲ့အချိန်မှာလည်း ဂါယာသို့ ရောက်ရှိချိန်ကကဲ့သို့ပင် ဘီဟာပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူတွေနဲ့အတူ ဘီဟာပြည်နယ်မှ ဂုဏ်ပြုတပ်ဖွဲ့က လည်း လေဆိပ်မှာ နိုင်ငံတော်သမ္မတကို ဂုဏ်ပြုပို့ဆောင် နှုတ်ဆက်ခဲ့ကြပြန်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာတဲ့ အထူးလေယာဉ်ကြီးဟာ နယူးဒေလီမြို့၊ Palam လေတပ်စခန်းကို ရောက်ရှိဆင်းသက်ချိန်မှာတော့ နယူးဒေလီမြို့ရဲ့ ရာသီဥတုဟာ သာယာကောင်းမွန်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကို လေဆိပ်မှာ အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ Palam လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူတွေ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့က ဝန်ထမ်းမိသားစုများက လိုက်လံကြိုဆိုခဲ့ကြပါတယ်။ အဲဒီလို ကြိုဆိုနှုတ်ဆက်ခဲ့ကြတာပဲဖြစ်ပါတယ်။ ဒီနောက် သမ္မတကြီးနဲ့ အဖွဲ့ဝင်များဟာ ဒေလီမြို့ရဲ့ ဗဟိုဧရိယာဖြစ်တဲ့ ကွတ်ဘ်မီနာရ်ကို ကားတွေနဲ့ ဝင်ရောက်ခဲ့ကြပါတယ်။ ဒီနေရာမှာ သမ္မတကြီးနဲ့ အဖွဲ့ဝင်များဟာ ဒေလီမြို့ရဲ့ ရာသီဥတုကို ခံစားခဲ့ကြရပါတယ်။ ဒီနေရာမှာ ဒီဇင်ဘာလ ဆိုတော့ ဆောင်းရာသီဖြစ်ပေမယ့် နေရောင်ခြည်ဟာ ပူပြင်းလွန်းတာမျိုး မဟုတ်ဘဲ ချမ်းမြေ့သာယာတဲ့ ရာသီဥတုမျိုးကို ခံစားရပါတယ်။ ကွတ်ဘ်မီနာရ်ရဲ့ ခြေရင်းဝန်းကျင်မှာ ရှေးဟောင်းအုတ်ဂူများ၊ ဗိသုကာလက်ရာ ပန်းတိမ်းပန်းထိုးများ ရှိနေပါတယ်။ ဒီနေရာမှာ ဒီဇင်ဘာလ ဆိုတော့ ဆောင်းရာသီဖြစ်ပေမယ့် နေရောင်ခြည်ဟာ ပူပြင်းလွန်းတာမျိုး မဟုတ်ဘဲ ချမ်းမြေ့သာယာတဲ့ ရာသီဥတုမျိုးကို ခံစားရပါတယ်။ နိုင်ငံတော်သမ္မတကို လေဆိပ်မှာ အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ Palam လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူတွေ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့က ဝန်ထမ်းမိသားစုများက လိုက်လံကြိုဆိုခဲ့ကြတာပဲဖြစ်ပါတယ်။ အဲဒီလို ကြိုဆိုနှုတ်ဆက်ခဲ့ကြတာပဲဖြစ်ပါတယ်။ အဲဒီလို ကြိုဆိုနှုတ်ဆက်ခဲ့ကြတာပဲဖြစ်ပါတယ်။ ဒီနောက် သမ္မတကြီးနဲ့ အဖွဲ့ဝင်များဟာ ဒေလီမြို့ရဲ့ ဗဟိုဧရိယာဖြစ်တဲ့ ကွတ်ဘ်မီနာရ်ကို ကားတွေနဲ့ ဝင်ရောက်ခဲ့ကြပါတယ်။ ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်များဟာ ဒေလီမြို့ရဲ့ ဗဟိုဧရိယာဖြစ်တဲ့ ကွတ်ဘ်မီနာရ်ကို ကားတွေနဲ့ ဝင်ရောက်ခဲ့ကြပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာဗောဓိစေတီတော်မြတ်ကြီးအား မေ ၃၀ ရက်က လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်သမ္မတကြီးဟာ နယူးဒေလီမြို့ကို ခေတ္တတည်းခိုမယ့် ဟိုတယ်ကို ရောက်ရှိချိန်မှာလည်း အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးတို့ H.E. Dr. Subrahmanyam Jaishankar နဲ့တွေ့ဆုံပြီး မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေတွေ၊ ယခုလာရောက်သည့် တရားဝင်ခရီးစဉ်ကနေပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မယ့် အခြေအနေတွေ၊ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပေါ် ထောက်ခံမှုအခြေအနေတွေ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မယ့် အခြေအနေတွေ၊ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေတွေနဲ့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံဘက်ကနေ ရပ်တည်ဆောင်ရွက်လျက်ရှိမှု အခြေအနေတွေ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေတွေနဲ့ အခြားနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဆောင်ရွက်သွားမယ့် အခြေအနေတွေနဲ့ ပတ်သက်ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီလို နိုင်ငံတော်သမ္မတကြီးနဲ့ အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးတို့ တွေ့ဆုံစဉ် ဆွေးနွေးမှုများကို ထောက်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံဟာ မိမိတို့ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနှစ်နိုင်ငံ ဆက်ဆံရေးကို အလေးထား ဆောင်ရွက်နေတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒီလိုအိန္ဒိယ နိုင်ငံကဲ့သို့သော အင်အားကြီးအိမ်နီးချင်း နိုင်ငံတစ်ခုနဲ့ မိမိတို့ နိုင်ငံအနေနဲ့ အဘက်ဘက်က၊ ကဏ္ဍစုံက ပူးပေါင်း ဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်သွားနိုင်မယ်ဆိုရင် မိမိတို့နိုင်ငံအနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ အကျိုးရလဒ်တွေ ရရှိလာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတယ်။

မိမိတို့ ယနေ့သွားရောက်ခဲ့သည့် ခရီးစဉ်မှာ နေပြည်တော်မှ အိန္ဒိယနိုင်ငံ ဂါယာမြို့၊ ၎င်းမှတစ်ဆင့် နယူးဒေလီမြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် သွားရောက်ခဲ့ပြီး နံနက်ပိုင်းမှ ညနေပိုင်းအထိ ခရီးစဉ်အစီအစဉ်အတိုင်း အချိန်အကြားအလပ်မရှိ ဆက်တိုက် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ညနေပိုင်းမှာလည်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးကို သွားရောက်ပြီး သံရုံး၊ စစ်သံရုံး မိသားစုများနဲ့ ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအမှာစကားပြောကြားခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံရာမှာ နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီး ပြည်သူများက ရွေးချယ်တင်မြှောက်တဲ့ နိုင်ငံတော်အစိုးရသစ်က နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာဖြစ်စေဖို့နဲ့ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းလုပ်ဆောင်နေမှုတွေ၊ မြန်မာနိုင်ငံမှာ ပညာတတ် လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေးအတွက် နိုင်ငံတော်က ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှုတွေ၊ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်ခိုင်မာစေဖို့ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသလို သံရုံး၊ စစ်သံရုံးများတွင် တာဝန်ထမ်းဆောင်နေသူများကလည်း ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်မှုတွေ၊ ပြည်ပ နိုင်ငံကို ရောက်ရှိနေချိန်မှာ တစ်ဦးချင်းရဲ့ အင်္ဂလိပ်စာအရည်အချင်းတွေ တိုးတက်လာစေရေးနဲ့ ကွန်ပျူတာနည်းပညာ ဆိုင်ရာများ ပိုမိုတတ်ကျွမ်းနားလည်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်စေလိုမှုတွေကို မှာကြားခဲ့တဲ့အပြင် မိမိလက်အောက် ဝန်ထမ်းများနဲ့ မိသားစုဝင်တွေကို တစ်ဦးချင်း၏ ကျန်းမာရေးမှအစ ဂရုစိုက်နေထိုင်ကြဖို့နဲ့ စည်းစည်းလုံးလုံးနေထိုင်ကြရန် မှာကြားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးဟာ သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ အိန္ဒိယနိုင်ငံမှာပညာတော် သင်နေကြတဲ့ သင်တန်းသား သင်တန်းသူများအတွက် စားသောက်ဖွယ်ရာတွေနဲ့ ချိုးဖြင့်ငွေတွေကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နွှတ်ဆက်ခဲ့ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်သမ္မတကြီးနဲ့ အိန္ဒိယနိုင်ငံကို အဖွဲ့ဝင်များအဖြစ် လိုက်ပါလာတဲ့ ပြည်ထောင်စုဝန်ကြီးတွေနဲ့ တာဝန်ရှိသူတွေဟာ သံရုံး၊ စစ်သံရုံး မိသားစုများက တည်ခင်းဧည့်ခံတဲ့ ညစာကို မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

နားမကြားသောကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) တို့တွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်–

သတ်မှတ်ချက်များ

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။

၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်းရှိသူ ဖြစ်ရမည်။

၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။

၅။ အိမ်ထောင်မရှိဘူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၆။ ကျား/မလူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၇။ ကျောင်းအပ်နှံပါက မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံ ရမည်။

ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ

၁။ ကလေး၏ ပတ်စ်ပို့ခ်ဓါတ်ပုံ (၄)ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ

၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၄။ သက်ဆိုင်ရာရုပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရုပ်ကွက်တွင် နေထိုင်ကြောင်း ထောက်ခံချက်

၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်

၆။ အကြားအာရုံချို့ယွင်းမှု တိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း(Audiograph dB) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသော ကလေးများကျောင်း၊ အမှတ်–၃၄၊ F, G၊ အိုးစု (၃)လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေဖြို့နယ်၊ ရန်ကုန်ဖြို့သို့လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း၊ အကွက်–စ၅၅၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်ဖြို့နယ်၊ မန္တလေးဖြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြား ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇–၄၀၄၂၅၊ နားမကြားသော ကလေးများကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁– ၉၅၄၈၈၇၂၊ ၀၉ – ၂၅၀၇၇၂၆၈ နှင့် နားမကြားသောကလေးများ ကျောင်း (မန္တလေး) ဖုန်းနံပါတ် ၀၉ – ၄၀၂၆၆၂၆၈၉၊ ၀၉–၄၅၉၇၆၀၅၁၆ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **လူမှုဝန်ထမ်းဦးစီးဌာန**

ကြေးမုံ

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုရှားနိုင်ငံ၌ ကျင်းပသည့် ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်နှင့် (၁၄)ကြိမ်မြောက် လုံခြုံရေးဆိုင်ရာအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် မေ ၃၁



အမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရွှိုင်းဂူ (Sergei Shoigu) ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်နှင့် အဆိုပါကာလအတွင်း တစ်ဆက်တည်း ကျင်းပသည့် ဆဋ္ဌမအကြိမ် အာဆီယံ–ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်များ ဆွေးနွေးပွဲ၊ (၁၄)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေး ကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်ရန် မေ ၂၅ ရက်မှ ၃၁ ရက်အထိ မော်စကိုမြို့သို့ သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၆ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ Live Arena စင်တာ၌ ကျင်းပပြုလုပ်သည့် ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။ ဖိုရမ်ကို “ကမ္ဘာ့လူဦးရေ အများစုရှိသော နိုင်ငံများ၏ လုံခြုံရေး အာမခံချက်ရှိရန်အတွက် နယ်ချဲ့စနစ်သစ်ကို တန်ပြန်ခြင်းအား ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ခြင်း (Countering Neocolonialism as a Priority for Ensuring Security of the Global Majority Countries)” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ ချယ်ရ်နိုရ်ကော (Dmitry Chernshenko) က အဖွင့်အမှာစကားပြောကြားကာ ရုရှားနိုင်ငံ လုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗီနီဒစ်တော့ဗ် (Alexander Venediktov) နှင့်အတူ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မော်စကို တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ပါမောက္ခချုပ်၊ ဖက်ဒရေးရှင်းကောင်စီ ဒုတိယဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားကြသည်။

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် မေ ၂၇ ရက်တွင် ဆဋ္ဌမအကြိမ် အာဆီယံ–ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရွှိုင်းဂူတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်မိန့်ခွန်းနှင့် နိဒါန်းချုပ်မိန့်ခွန်းများ ပြောကြားခဲ့ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ အာရှ–ပစိဖိတ်ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအခြေအနေ တိုးတက်ပြောင်းလဲမှုများ၊ မဟာဗျူဟာမြောက် တည်ငြိမ်ရေး၊ လက်နက်ထိန်းချုပ်ရေးနှင့် ချုပ်ကလီးယားလက်နက်မပြန့်ပွားရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပထမအကြိမ် နိုင်ငံတကာ လုံခြုံရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရွှိုင်းဂူက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၈ ရက်တွင် “ဝင်ရိုးစုံကမ္ဘာပေါ်ထွန်းလာမှုနှင့် ဆက်နွယ်နေသော နိုင်ငံတကာလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများ (Challenges and Threats to International Security in the Context of the Emergence of the Multipolar World)” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် လုံခြုံရေး ကိစ္စရပ်များဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေး တွင်ရုရှားသမ္မတ မစ္စတာဗလာဒီမာ ပူတင် (Valdimir Putin) က Video Message ဖြင့်လည်းကောင်း၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေး ကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရွှိုင်းဂူက သဘာပတိ အဖြစ်လည်းကောင်း အဖွင့်အမှာ စကားများ ပြောကြားခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်း ပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် “ပူးတွဲ သတင်းအချက်အလက်လုံခြုံရေး စင်တာ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ” နှင့် “မြန်မာ နိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား အပြည်ပြည်ဆိုင်ရာ သတင်း အချက်အလက် လုံခြုံရေးကဏ္ဍ တွင် ပူးပေါင်းဆောင်ရွက်မည့် အကောင်အထည်ဖော်ဆောင်ရွက် မှုအစီအစဉ် ၂၀၂၆–၂၀၂၉” တို့ကို အမျိုးသား ပြည်ထောင်စုဝန်ကြီး နှင့် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့၏ ရှေ့မော်ကွန်၌ နှစ်ဖက် တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၇ ရက်မှ ၂၉ ရက်အတွင်း ရုရှား သမ္မတ၏ လက်ထောက်နှင့် ရေကြောင်း ကော်မတီဥက္ကဋ္ဌ မစ္စတာ နီကိုလိုင် ပတ်ထရူးရှဗ် (Nikolai Patrushev)၊ ရုရှား လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာဆာဂေးရွှိုင်းဂူ၊ဘယ်လာရုစ် နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ အလက် ဇန္ဒား ဗိုလ်ဖိုဗစ်ချ် (Alexander Volfovich)၊ ထိုင်းနိုင်ငံ အမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူး ချုပ် မစ္စတာ ချတ်ချိုင်းဘန်ချူရဒဒ် (Chatchai Bangchuad)၊ တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်း ရေးမှူး မစ္စတာ ချန်းဝန်ကျင်း (Chen Wenqing)၊ အိန္ဒိယနိုင်ငံ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ် ဒိုဗယ် (Ajit Doval) တို့နှင့်တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စရပ်များ၊ သတင်း အချက်အလက် အပြန်အလှန် မျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာ မျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ် များကို ရင်းနှီးမြှုပ်လင်းစွာ အမြင် ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဖိုရမ်ကာလအတွင်း ကျင်းပပြုလုပ်သည့် စကားဝိုင်းဆွေးနွေးပွဲ (Roundtable talks) အစီအစဉ်များတွင်လည်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ခင်းကျင်းပြသထားသည့် စစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာ ပစ္စည်းထုတ်ကုန်ပြခန်းများ၊ ဆေးဘက်ဆိုင်ရာပြခန်းများ၊ ခေတ်မီနည်းပညာပြခန်းများအား ကြည့်ရှုလေ့လာခြင်း၊ ရုရှား ဇဗျဲဘဏ် (Sber Bank) သို့ သွားရောက်လေ့လာ၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်း၊ မော်စကိုမြို့ရှိ Shooting Range of the Kalashnikov Concern၊ ရုရှားနိုင်ငံ Rostec အဆင့်မြင့်နည်းပညာ ကုမ္ပဏီ၊ ကင်ဆာရောဂါဆိုင်ရာ ကုသမှုများ ဆောင်ရွက်သည့် National Medical Research Radiological Center တို့သို့ သွားရောက် လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး သည် ခရီးစဉ်အတွင်း မော်စကို ဒေသရှိ Patriot Park ပန်းခြံတွင် ဒုတိယကမ္ဘာစစ် အတွင်းက တိုက်ပွဲဝင်ခဲ့ကြသည့် “မြန်မာ့စစ်သည်တော် မဟာမိတ်များ” အမည်ရှိ အထိမ်းအမှတ်ရုပ်တု၌ ဂုဏ်ပြုတင်ပွဲဖြင့် ပန်းခွေချဂုဏ်ပြုခဲ့သည်။

ပထမအကြိမ် နိုင်ငံတကာလုံခြုံရေးဖိုရမ်နှင့် (၁၄)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေး ကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၄၅ နိုင်ငံမှ ကိုယ်စားလှယ် ၅၀၀၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြပြီး ရုရှားနိုင်ငံမှ စစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာပစ္စည်း ထုတ်ကုန်များကို ပြခန်းပေါင်း ၂၂ ခန်းဖြင့် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟားခါး မေ ၃၁



ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် တီးတိန်မြို့ မြို့မရပ်ကွက်ရှိ ထွမ်းဝုမ်းရိပ်သာ၌ ကျင်းပရာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီဝင် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တီးတိန်နှင့် တွန်းဇံမြို့များမှ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီ အဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအတွက် ဆန်ရိက္ခာ ပေးပို့ဖြည့်တင်းနိုင်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာဒေသများသို့ အချိန်မီပေးပို့နိုင်ရေး၊ လုပ်ငန်းခွင်သုံးယာဉ်ယန္တရားများ၊ စက်သုံးဆီများ ဖြည့်တင်းနိုင်ရေးနှင့် မြို့နယ် သုံးမြို့နယ်၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့ကို အသေးစိတ်ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအတွက် APTERR အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လျှပ်ဒါန်းသော ဆန် ရှစ်တန်သည် မေ ၃၁ ရက်တွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် သက်ဆိုင်ရာမြို့နယ်များသို့ အမြန်ဆုံး ပို့ဆောင်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သီလဝါဆိပ်ကမ်းဒေသ အကွက်အမှတ်(၂၉)ရှိ ခေတ်မီသိုလှောင်ရုံအမှတ်(၁) လုပ်ငန်းစတင်ခြင်း အခမ်းအနားတက်ရောက်





ရန်ကုန် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီး ဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် (MAGDPL)၏ ခေတ်မီသိုလှောင်ရုံ အမှတ်(၁) လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သီလဝါဆိပ်ကမ်းဒေသရှိ အကွက်အမှတ်(၂၉)၌ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ညီနောင်အသင်းများနှင့် သီလဝါရှိ ဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် MAGDPL ကုမ္ပဏီဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ခေတ်မီသိုလှောင်ရုံအတွင်းရှိခန်းမတွင် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ကုန်သွယ်မှုကို မြှင့်တင်ပေးနိုင်မည့် Transit Tradeနှင့် Transshipment လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သီလဝါဒေသ ဆိပ်ကမ်းများသည် အဓိက အားကိုးရာနေရာများဖြစ်ကြောင်း၊ မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် လီမိတက်(MAGDPL) အနေဖြင့် သီလဝါဆိပ်ကမ်းဒေသတွင် နိုင်ငံတကာ ကုန်သွယ်မှုအတွက် လိုအပ်သောအခြေခံ အဆောက်အအုံဖြစ်သည့် ခေတ်မီသိုလှောင်ရုံကြီးကို အောင်မြင်စွာ တည်ဆောက် လည်ပတ်လုပ်ကိုင်နိုင်ပြီဖြစ်သည့်အတွက် ကျန်ရှိသည့်သိုလှောင်ရုံသုံးလုံးကိုလည်း အဆင့်လိုက် ရင်းနှီးမြှုပ်နှံတည်ဆောက်သွားရန်နှင့် သီလဝါဆိပ်ကမ်းဒေသရှိ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ကျန်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ခေတ်မီသိုလှောင်ရုံ တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင် ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြပြီး သိုလှောင်ရုံ တည်ဆောက်မှုဆိုင်ရာ မှတ်တမ်း Video Clip ကို ရှင်းလင်းတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ခေတ်မီသိုလှောင်ရုံ အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အသင်းအဖွဲ့ အသီးသီးမှ ပြသထားသည့် ပြခန်းများ၊ ပြည်ပသို့တင်ပို့မည့် ပြောင်းစေ့များ စုပုံသိုလှောင်ထားမှုနှင့် ဆက်လက်တည်ဆောက်မည့် သိုလှောင်ရုံနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ဒေါပုံရုံးခွဲ)သို့ ရောက်ရှိကြပြီး Computer Based Examination (CBE) Centre ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ပြည်ထောင်စုဝန်ကြီးက CBE စနစ်ကို သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သင်္ဘောသားများအနေဖြင့် ပင်လယ်ပြင်တွင် အန္တရာယ် ကင်းရှင်းရေးအတွက် ဆုံးဖြတ်ချက်မှန်ကန်စွာ ချမှတ်နိုင်ခြင်းသည် အရေးကြီးသဖြင့် Decision – making ဆိုင်ရာ မေးခွန်းများ ထည့်သွင်းနိုင်ရေး၊ စံပြအဖြေများကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းနိုင်ရေးနှင့် နောင်စာမေးပွဲများတွင် မေးမြန်းနိုင်ရေး၊ မေးခွန်းများကို ခေတ်နှင့်အညီ ပြင်ဆင်မွမ်းမံရေး အထူးအလေးထား ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆောင်ရွက်ရန် ဘယ်လာရုစ်နိုင်ငံသို့သွားရောက်

ရန်ကုန် မေ ၃၁

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဗစ်တာ ဂနေဒီယာဗိချ် ခရမ်နင် (Lt General Viktar Ganediavich Khrenin) ၏ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆောင်ရွက်ရန် ဖိတ်ကြားချက်အရ မေ ၂၅ ရက်မှ ၃၀ ရက်အထိ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ သွားရောက်ခဲ့သည်။



ခရီးစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဗစ်တာခရမ်နင်က အရာရှိများ ဗဟိုရိပ်သာ (Central House of Officers of the Armed Forces of the Republic of Belarus) ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ပြီး နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံ၍ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများသည် Victory Square Obelisk Monument သို့ သွားရောက်၍ ဂုဏ်ပြုပန်းခြင်းချ အလေးပြုကြပြီး ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံရှိ စစ်ဘက်နည်းပညာဆိုင်ရာစက်ရုံ၊ အလုပ်ရုံများနှင့် အထည်အလိပ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ယင်းနောက် ဘယ်လာရုစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်း အာဏာပိုင်အဖွဲ့ရုံး၌ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဒီမိထရီ ပန်တုစ် (Mr. Dimitry Pantus) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာသံရုံး (မင့်စ်မြို့) သို့ သွားရောက်ပြီး သံရုံးဝန်ထမ်း မိသားစုဝင်များနှင့် သင်တန်းသားများအား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း လူငယ်တွေ့ဆုံပွဲ တက်ရောက်

မော်လမြိုင် မေ ၃၁

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည့် လူငယ်တွေ့ဆုံပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် လူငယ်ကိုယ်စားလှယ်များ ကိုယ်စား ဒေါက်တာ အောင်မြတ်သူက ယာယီဖွင့်လှစ်ပေးထားသော မွန်ပြည်နယ်လူငယ်စင်တာ အဆောက်အအုံတွင် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မော်လမြိုင်တက္ကသိုလ်အတွက် ငွေကျပ် ၁၅၁၅၀၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လူငယ်စင်တာ အဆောက်အအုံတည်ဆောက်မည့် လျာထားမြေနေရာ၊ မွန်ပြည်နယ် လူငယ်စင်တာ ယာယီဖွင့်လှစ်မည့် ကျောင်းသား အားကစားကွင်းရှိ သုံးထပ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံသည် နေရောင်ခြည်ကို ပေါကြွယ်ဝစွာ ရရှိနေသော်လည်း နေရောင်ခြည်စွမ်းအင် အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်မှုပမာဏသည် နည်းပါးလျက်ရှိနေပါသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်ယူနိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သည့် အချိုးအစားဖြင့် ဆိုလာစနစ်အား ထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက် ဖြစ်စေ ဆိုလာစနစ်အား တပ်ဆင်အသုံးပြုနိုင်ရေးဟူ၍ နည်းလမ်းနှစ်ခုဖြင့် အားပေး ဆောင်ရွက်လျက်ရှိနေပါသည်။

ယင်းသို့ဆောင်ရွက်ရာ၌ တွေ့ကြုံနေရသည့် နည်းပညာဆိုင်ရာ ကန့်သတ်ချက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးရှိထိရောက်သည့် အစီအမံများ၊ စီမံကိန်းများသည် လျင်မြန်စွာ အကောင်အထည်ပေါ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာ တိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကြိုးမှူး၍ ၂၀၂၆ ခုနှစ်၊ ဧပြီလ ပထမအပတ်အတွင်း ကျယ်ပြန့်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန်နှင့် ဆွေးနွေးလိုသည့် ခေါင်းစဉ်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေး ဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် - ဦးမျိုးသန့်ထွန်း၊
ညွှန်ကြားရေးမှူး
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
၀၉ ၄၃၀၁၆၆၉၀၊
၀၆၇ ၃၄၁၀၄၇၁
dgdptsc2021@gmail.com

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး မြန်မာ့ရိုးရာလက်ဝှေ့အခြေခံသင်တန်းဆင်းပွဲ တက်ရောက်

ဘားအံ မေ ၃၁

ပြည်နယ်ဂုဏ်ဆောင်၊ နိုင်ငံဂုဏ်ဆောင် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့အားကစား သမားကောင်းများ ပေါ်ထွန်းလာစေရေး မြန်မာပြည် ချန်ပီယံဟောင်းများဖြစ်သော ဝမ်းချိုင်း၊ စောငမန်းတို့ အပါအဝင် နိုင်ငံကျော်လက်ဝှေ့အားကစားသမားဟောင်း ၁၇ ဦးတို့က နည်းပြအဖြစ် ဆောင်ရွက်ဖွင့်လှစ်သည့် မြန်မာ့ရိုးရာလက်ဝှေ့အခြေခံသင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။



သင်တန်းတွင် ပြည်နယ်အခြေစိုက် လက်ဝှေ့ကလပ် ၂၀ မှ အသက် ၁၅ နှစ်မှ ၂၅ နှစ် ကြား သင်တန်းသား ၈၆ ဦး၊ သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၁၀၀ သင်တန်းဆင်းခဲ့ကြရာ မြန်မာ့ရိုးရာလက်ဝှေ့အခြေခံ သင်တန်းသား သင်တန်းသူများက လက်ဝှေ့ရေးပြသပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာ့ရိုးရာလက်ဝှေ့အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက သင်တန်းသားသင်တန်းသူများအားသင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ကရင်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့အားကစား ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူးက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



မြို့နယ်စာရေးဆရာအသင်းနှစ်ပတ်လည် စည်းဝေး

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ မြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်စိုး (စာရေးဆရာ မင်းတလွန်း)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) အလုပ်အမှုဆောင် ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးမြစိန် (စာရေးဆရာဗိုလ်ကျော်သူ) က အသင်း၏ (၂) နှစ် သက်တမ်းတွင် အသင်း၏ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်ဝင်း(ပြန်/ဆက်)

စဉ့်ကူးမြို့၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

စဉ့်ကူး မေ ၃၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အထက (စဉ့်ကူး) ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းက ကျောင်းအပ်နှံရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးထွန်းထွန်းနိုင်တို့က နိုင်ငံတော်မှ အခမဲ့ပေးအပ်သော ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)



ကျောင်းတက်ကြပါစို့

❖ နံနက်မိုးသောက် တက်နေခြည်
ဖူးပွင့်ငုံစီ အားသစ်ချီ။
စိုးစီစိုးစီ ငှက်တို့တေး
ကျောင်းပြန်ဖွင့်ပြီ အသိပေး။

❖ သားထွေးသမီးငယ် လွယ်အိတ်လွယ်
ကျောင်းသွားကြစို့ တူတူကွယ်။
ဖြူလွှစံပယ် မိုးမှာယိမ်း
မြက်ခင်းစိမ်းစိမ်း တောစိမ်းစိမ်း။

❖ လုံချည်စိမ်းနဲ့ အင်္ကျီဖြူ
တက်ကြွလန်းဆန်း ဝတ်စုံတူ။
သင်ကြားနာယူ မြတ်တနိုး
ပညာရွှေအိုး လူမခိုး။

❖ တိုင်းကျိုးပြည်ပြု နောင်မသွေ
ဗလငါးတန် ဖွံ့ဖြိုးစေ။
သားသမီးတွေ တော်ပါမှ
တို့တိုင်းမြန်ပြည် စည်ပင်လှ။

❖ ပညာပြည့်ဝ မျိုးချစ်သူ
လိမ္မာယဉ်ကျေး နှလုံးဖြူ။
မျက်နှာမူပါ ပညာခေတ်
ပညာကိုချစ် စာကိုချစ်။

❖ နိုင်ငံ့ရင်နှစ် လူရည်ချွန်
တစ်နေ့ဖြစ်ရေး ကြိုးအားသွန်။
ဘက်စုံထူးချွန် ပြည့်စုံရေး
ဖြည့်ဆည်းလေ့ကျင့် စဉ်မနှေး။

❖ လေးချက်မိဘွာန် ကျောင်းကောင်စီ
ကောင်းအောင်ကိုယ်စီ ကြိုးစားမည်။
ရွှေရည်လောင်းတဲ့ အိပ်မက်သစ်
စာသင်ကျောင်းမှာ တို့ထုဆစ်။

❖ မြန်မာ့ရွှေခေတ် ထိုပန်းတိုင်
ပန်းတိုင်းပွင့်ဝေ မြိုင်မြိုင်ဆိုင်။
နိုင်ငံ့အနာဂတ် လှပဖို့
သမီးသားတို့ ကျောင်းတက်စို့။
ကျောင်းနေပျော်လို့ စာတော်ဖို့။
ကြိုးစားကြပါစို့။ ။

ဇော်မင်းမင်းဦး

အကျိုးရှိရှိ ဖော်ဆောင်စေချင်.....ရင်းနှီးကျွမ်းဝင် ခရီးစဉ် (၁)

စည်သူကျော်

ပြီးခဲ့သည့်ရက်ပိုင်းက ရပ်ဝေးနေ မိတ်ဆွေတစ်ဦးထံမှ အီးမေးလ်တစ်စောင် လက်ခံရရှိခဲ့သည်။ မိတ်ဆွေက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ထဲထဲဝင်ဝင် ပါဝင်လုပ်ကိုင်နေသော လုပ်ငန်းရှင်တစ်ဦးဖြစ်ပါသည်။ မကြာခဏဆိုသလို တယ်လီဖုန်း ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဆက်သွယ်ကာ လုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ အကြံဉာဏ်နှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးလေ့ရှိသူဖြစ်ပါသည်။

မိတ်ဆွေက သူ၏ဒေသတွင် အပန်းဖြေခန်း (Resort) တစ်ခု တည်ဆောက်ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်၍ လာရောက်လေ့လာကြည့်ရှုပေးရန်နှင့် သူ့အပန်းဖြေစခန်းကို မြှင့်တင်ကြော်ငြာရန်အတွက် လိုအပ်သည့် အကြံဉာဏ်များပေးရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။

အပန်းဖြေစခန်းသို့ လာရောက်ရန်အတွက် သွားလာနေထိုင်စားသောက်မှုတို့ကို သူ့တာဝန်ထားပါဟူ၍လည်း အမှာစကားပါးထားသည်။ ထို့အပြင် မိမိခေါ်လာလိုသော ဧည့်သည် သုံး၊ လေးဦးခန့်လည်း ခေါ်လာနိုင်ပါကြောင်းနှင့် သူတို့အတွက်လည်း အစစအရာရာတာဝန်ယူပါကြောင်း ပြောပါသည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေစဉ်အတွင်း ယခုကဲ့သို့ ဖိတ်ကြားမှုများ မကြာခဏကြုံရသည်။ လိုအပ်သည့် အကူအညီများပေးရသည်။ မိတ်ဆွေ၏စာကို ဖတ်ပြီးနောက် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း Familiarization Trip (အတိုကောက် Fam Trip) (သက်ဆိုင်ရာဌာနက "ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်" ဟု မြန်မာမှုပြုသည်။)များ ဆောင်ရွက်ခဲ့ရသည်ကို စဉ်းစားတွေးတောနေမိသည်။ ယခုမိတ်ဆွေ၏ ဖိတ်ခေါ်မှုသည် Fam Trip ဖိတ်ခေါ်မှုနှင့်အလားတူသည်ဟု ပြော၍ရသည်။

Familiarization Trip (Fam Trip) ဆိုသည်မှာ ပြည်တွင်း(သို့မဟုတ်)ပြည်ပမှ ခရီးသွားလုပ်ငန်းနှင့် နှီးနွယ်သည့်ပုဂ္ဂိုလ်များ၊ ဥပမာ- ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ခရီးသွားလုပ်ငန်း ကိုယ်စားလှယ်များ၊ မီဒီယာများ၊ လေကြောင်းလိုင်း ကိုယ်စားလှယ်များ၊ ထင်ရှားကျော်ကြားသူ/ သြဇာတိက္ကမရှိသူများ၊ ခရီးသွားဆောင်းပါး၊ စာအုပ်စာတမ်းရေးသားသူများ၊ ပွဲလမ်း၊ အခမ်းအနားစီစဉ်ဆောင်ရွက်သူများ စသူတို့ကို အထူးပြုလိုသော ခရီးစဉ်ဒေသတစ်ခုသို့ ဖိတ်ခေါ်၍ "ကိုယ်တိုင်သိမြင်/ ကိုယ်တိုင်တွေ့ကြုံ/ ကိုယ်တိုင်ခံစား စားသုံး"စေသည့် Promotional Inspection Trip (PIT) တစ်ခုဖြစ်ပါသည်။

ထိုသို့ဖိတ်ခေါ်ရာ၌ ခရီးစဉ်တွင် ပါဝင်လိုက်ပါလာသည့်ပုဂ္ဂိုလ်များ၏ တည်းခိုနေထိုင်သွားလာစားသောက်ရေးနှင့် အခြားအုပ်ချုပ်မှုကိစ္စအဝဝကို ဒေသခံအိမ်ရှင် (နိုင်ငံ/အဖွဲ့အစည်း)က အကုန်အကျခံ စီစဉ်ဆောင်ရွက်ပေးရသည်။ ယခုစာရေးသူ၏မိတ်ဆွေကလည်း သူ၏အပန်းဖြေစခန်းသို့ ဖိတ်ခေါ်ခြင်းသည် သူ၏အပန်းဖြေစခန်းအပေါ် မိမိ၏ အထွေးအဖြင်၊ အယူအဆကို သိရှိလိုခြင်းဖြစ်ပါသည်။ ထို့အပြင် သူ၏အပန်းဖြေစခန်းအကြောင်း (ကောင်းကြောင်း)ကို စာရေးသူ၏ နယ်ပယ်အတွင်း ပြန့်ပွားစေလိုမည်ဖြစ်သည်။

Fam Trip တစ်ခုအကောင်အထည်ဖော်ခြင်းသည် လွယ်ကူသောကိစ္စရပ်တစ်ခုတော့မဟုတ်ချေ။ ဖိတ်ခေါ်လိုသည့်အဖွဲ့ဝင်အရေအတွက်နှင့် အဖွဲ့ဝင်များ၏ ကျွမ်းကျင်မှုနယ်ပယ် ကွဲပြားမှုအပေါ်မူတည်၍ စီမံခန့်ခွဲရသည့် တာဝန်အလေးအပေါ်လည်း ကွဲပြားသည်။ ဖိတ်ခေါ်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းရွေးချယ်ခြင်းမှသည် မိမိနိုင်ငံ/ဒေသအတွင်း မိတ်ဆက်ပြသလိုသည့် ခရီးစဉ်ဒေသရွေးချယ်ခြင်း၊ ခရီးစဉ်ရေးဆွဲအတည်ပြုခြင်း၊ တည်းခိုနေထိုင်ခြင်း၊ သွားလာလည်ပတ်ခြင်း၊ လှည့်လည်ပြသခြင်း၊ တည်ခင်းစားသောက်ခြင်း၊ ဖျော်ဖြေတင်ဆက်ခြင်း၊ မီဒီယာတွေ့ဆုံပွဲပြုလုပ်ခြင်း၊ စီးပွားရေးမိတ်ဖက်ရှာဖွေခြင်း စသည့်ကိစ္စရပ်များ ဟန်ချက်ညီညီ အဆင်ပြေချောမွေ့စေရန် အသေးစိတ်စီစဉ်ဆောင်ရွက်ရသည်။ လွဲချော်မှုတစ်စုံတစ်ရာဖြစ်၍မရပါချေ။ သို့သော် အဘယ်ကြောင့် ဤသို့တာဝန်ကြီးလေးများပြားသော Fam Trip များကို စီစဉ်ဆောင်ရွက်ကြပါသနည်း။ အခြားနည်းလမ်းဖြင့် မိမိ၏ခရီးစဉ်ဒေသကို ကြော်ငြာပြီး လူသိများအောင် လုပ်၍မရသလော။

ခရီးသွားလုပ်ငန်းတွင် "Seeing is selling" ဟူသော စကားရပ်ရှိပါသည်။ "Seeing is believing" "မျက်မြင်မှ ယုံရ" ဆိုသောစကားကဲ့သို့ပင် ခရီးသွား လုပ်ငန်း၌ မြင်တွေ့ခြင်းမှသည် ရောင်းချခြင်းဆီသို့ ဟူသောအယူအဆကို ယနေ့တိုင် လက်ခံထားကြသည်။ အတွေ့အကြုံကိုအခြေခံသော ခရီးသွားလုပ်ငန်းကို မျက်မြင်လက်တွေ့မခံစားဘဲ မည်သို့ ဈေးကွက်တွင် ကြော်ငြာရောင်းချကြမည်နည်း။

ထို့ကြောင့် Fam Trip များကို ကြိုးပမ်းစီစဉ်ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ မိမိ၏ခရီးစဉ်ဒေသကို ခရီးသွားလုပ်ငန်းဈေးကွက်တွင် ပိုမိုလူသိများလာစေရန်၊ မိမိတို့ဒေသ၏ ခရီးသွားလုပ်ငန်း ထုတ်ကုန်များကို လက်တွေ့ပြသရန်၊ ခရီးသွားလုပ်ငန်းထုတ်ကုန်များကို ဈေးကွက်တင်ရောင်းချနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍကို ဖြင့်တင်ရန်၊ ဒေသတွင်း (သို့မဟုတ်) နိုင်ငံတကာခရီးသွားလုပ်ငန်း မျက်နှာစာတွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ အကြား ဆက်သွယ်ဆောင်ရွက်မှုကွန်ရက်ကို ချဲ့ထွင်ရန်နှင့် ခိုင်မာမှုရှိစေရန်၊ ခရီးစဉ်ဒေသအပေါ် ယုံကြည်မှု ပိုမိုအားကောင်းလာစေရန်တို့သည် Fam Trip ဖော်ဆောင်ခြင်း၏ အဓိက ရည်ရွယ်မျှော်မှန်းချက်များဖြစ်ကြသည်။

Fam Trip များ ဆောင်ရွက်ရာ၌ မိမိခရီးစဉ်ဒေသ/ထုတ်ကုန်ကို သိရှိစေလိုသည့် ဈေးကွက်/မိမိရောင်းချလိုသည့် ပုံစံအပေါ်မူတည်၍ Fam Trip ပုံစံများကွဲပြားသွားပါသည်။ တချို့က မိမိမျှော်မှန်းထားသော ဈေးကွက် (Target Market)နှင့် အံဝင်ခွင်ကျဖြစ်မည့် Fam Trip ပုံစံကို Tailor Made ပြုလုပ်၍ သီးခြားစီစစ်ခေါ်ယူသလို နယ်ပယ်အသီးသီးမှ Stakeholder များပါဝင်သည့် Package ပုံစံ Fam Trip များလည်း စီစဉ်ဆောင်ရွက်ကြသည်။

ယေဘုယျအားဖြင့် Fam Trip အမျိုးအစားလေးမျိုးခန့်ကို ဦးစားပေးဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရသည် -

(၁) ခရီးလှည့်လည်ရေးလုပ်ငန်း ဆောင်ရွက်သူများ (Tour Operators/ Travel Agents) အတွက် Fam Trip။ ယင်းအမျိုးအစားတွင် ခရီးစဉ်ကို စမ်းသပ်ရန် ဖြစ်ပြီး ခရီးစဉ်ဒေသ၏ ဆွဲဆောင်နိုင်မှု၊ ဟိုတယ်များ၏အဆင့်အတန်းနှင့် ဝန်ဆောင်မှုပေးနိုင်မှု၊ ဈေးနှုန်း စမ်းသပ်စစ်ဆေးမှု၊ သွားလာလည်ပတ်မှု၏ ကြာမြင့်ချိန်တို့ကိုပါ တစ်ပါတည်းသတ်မှတ်ပါသည်။

(၂) မီဒီယာ Fam Trip ။ ဤအမျိုးအစားတွင် ခရီးသွားဆောင်းပါး/စာပေ ရေးသားထုတ်လုပ်သူများ၊ ရုပ်သံရိုက်ကူးထုတ်လွှင့်သူများပါဝင်၍ ကြော်ငြာလိုသော ခရီးစဉ်ဒေသအကြောင်းကို သွားလာနေထိုင်စားသောက်မှုအပါအဝင် ဒေသ၏ ယဉ်ကျေးမှုနှင့် သဘာဝအလှအပအကြောင်းအရာများကို ရေးသားရိုက်ကူးတင်ပြပေးရန်နှင့် သုံးသပ်တင်ပြပေးရန်ဖြစ်ပါသည်။ မီဒီယာ Fam Trip ကို ပွဲဝင်မဲသဘင်အခမ်းအနားများ ကျင်းပရာသို့လည်း အဓိကဖိတ်ခေါ်လေ့ရှိကြသည်။

"မိမိ၏ခရီးစဉ်ဒေသကို ခရီးသွားလုပ်ငန်းဈေးကွက်တွင် ပိုမိုလူသိများလာစေရန်၊ မိမိတို့ဒေသ၏ ခရီးသွားလုပ်ငန်းထုတ်ကုန်များကို လက်တွေ့ပြသရန်၊ ခရီးသွားလုပ်ငန်းထုတ်ကုန်များကို ဈေးကွက်တင်ရောင်းချနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍကိုမြှင့်တင်ရန်၊ ဒေသတွင်း (သို့မဟုတ်) နိုင်ငံတကာ ခရီးသွားလုပ်ငန်းမျက်နှာစာတွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအကြား ဆက်သွယ်ဆောင်ရွက်မှုကွန်ရက်ကိုချဲ့ထွင်ရန်နှင့် ခိုင်မာမှုရှိစေရန်၊ ခရီးစဉ်ဒေသအပေါ် ယုံကြည်မှုပိုမိုအားကောင်းလာစေရန်တို့သည် Fam Trip ဖော်ဆောင်ခြင်း၏ အဓိက ရည်ရွယ်မျှော်မှန်းချက်များဖြစ်"

(၃) ထင်ရှားကျော်ကြားသူများနှင့် သြဇာတိက္ကမရှိသူများကို ဖိတ်ကြားဆောင်ရွက်သော Fam Trip။ ယနေ့ခေတ်တွင် အများဆုံးဆောင်ရွက်သော Fam Trip အမျိုးအစားဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ဆိုရှယ်မီဒီယာများတွင် ကြည့်ရှုအားပေးသူများပြားသော Influencers, Celebrities ကို ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုနေရာများကို ဖိတ်ခေါ်လည်ပတ်စေပြီး လူသိများထင်ရှားအောင် Promotion ပြုလုပ်ခြင်းဖြစ်ပါသည်။ ၎င်းသည် လူမှုကွန်ရက်အသုံးချမှုနှင့် ဆက်နွယ်လျက်ရှိပြီး ဆိုရှယ်မီဒီယာများတွင် လူသိများသူများ၏ ကျော်ကြားမှုကိုအသုံးချကာ မိမိခရီးစဉ် ဒေသ/ထုတ်ကုန်ကို လူသိများစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယနေ့ခေတ်စားလာသော Digital Tourism Marketing ခေတ်တွင် အရေးပါသော Fam Trip အမျိုးအစားဖြစ်သည်။

(၄) MICE Fam Trip။ Meeting, Incentive, Convention/ Conference, Exhibition (MICE) ခရီးသွားလုပ်ငန်းအမျိုးအစားအတွက် ဆောင်ရွက်သော Fam Trip အမျိုးအစားဖြစ်ပါသည်။ စီးပွားရေး ခရီးသွားလုပ်ငန်းအတွက် အဓိကဆောင်ရွက်သော Fam Trip အမျိုးအစားဖြစ်ပြီး ၎င်းတွင် အစည်းအဝေးနှင့် အခြားသောလုပ်ဆောင်မှုများအတွက် အဆောက်အအုံ (Venue)၊ ဝန်ဆောင်မှုနှင့် နေရာအကျယ်အဝန်းတို့ကို ဦးစားပေးလေ့လာကြည့်ရှုကြရသည်။

Fam Trip များကို အကောင်အထည်ဖော်ရာ၌ ထိရောက်အောင်မြင်မှုရှိစေရန်အတွက် အချိန်ကိုက် ဖြစ်ရန်လည်း လိုအပ်ပါသည်။ အချိန်ကိုက် ဆောင်ရွက်နိုင်မှုမရှိပါက Fam Trip ၏ ထိရောက်မှုနည်းပါးပြီး မျှော်မှန်းရလဒ်ကို ရရှိဆုပ်ကိုင်နိုင်မည်မဟုတ်ပါချေ။ သို့ဆိုလျှင် Fam Trip များကို မည်သည့်အချိန်တွင် လုပ်ဆောင်ကြပါသနည်း။

(၁) ခရီးစဉ်ဒေသ/ခရီးသွားဆွဲဆောင်မှု အသစ်များဖော်ထုတ်ချိန်။ ဒေသတစ်ခု၏ ခရီးသွားဆွဲဆောင်မှုတစ်ခုကို ဖော်ထုတ်ချိန်တွင် အချိန်တိုအတွင်း ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း လူသိများ၍ စိတ်ဝင်စားမှုရရှိစေရန် သက်ဆိုင်ရာဆက်စပ်နယ်ပယ်အတွင်းမှာ ပုဂ္ဂိုလ်များ/ အသင်းအဖွဲ့များကို ဖိတ်ကြားဆောင်ရွက်ခြင်းမျိုးဖြစ်ပါသည်။ ယင်းတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ မီဒီယာများ၊ ထင်ရှားကျော်ကြားသူများအားလုံးပါဝင်နိုင်ပါသည်။

(၂) ခရီးသွားဝင်ရောက်မှုကျဆင်းနေချိန်။ ကိုဗစ်-၁၉ ကဲ့သို့သော ကပ်ရောဂါများ၊ သဘာဝဘေးအန္တရာယ် (သို့မဟုတ်) အကြမ်းဖက်မှုဖြစ်စဉ်များ ပေါ်ပေါက်ခြင်းကြောင့်သော်လည်းကောင်း၊ စစ်ရေး၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးကင်းမဲ့မှုဖြစ်စဉ်များ ပေါ်ပေါက်ခြင်းကြောင့် သော်လည်းကောင်း ခရီးသွားဝင်ရောက်မှုကျဆင်းမှုများ ဖြစ်ပေါ်လေ့ရှိရာ ၎င်းဖြစ်စဉ်များကို ပြန်လည်ထိန်းချုပ်နိုင်ပြီးသောကာလများတွင် ခရီးသွားလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်စေရန် "Safe to Travel" ဆိုသောပုံရိပ်ကို ပြန်လည်မြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(၃) Low Season Travel။ အထက်ပါထူးခြားဖြစ်စဉ်များ ပေါ်ပေါက်ခြင်းမရှိသော်လည်း ဧည့်သည်ဝင်ရောက်မှုနည်းပါးသည့် ရာသီချိန်များတွင် ခရီးစဉ်အသစ်များ ဖန်တီးရောင်းချလိုသောအချိန်တွင်လည်း Fam Trip များကို ဆောင်ရွက်လေ့ရှိပါသည်။

(၄) ဝန်ဆောင်မှုအသစ်များစတင်ချိန်။ ဟိုတယ်နှင့် အပန်းဖြေစခန်းအသစ်များဖွင့်လှစ်ချိန်၊ လေကြောင်းလိုင်း၊ အပျော်စီးသင်္ဘောများ Maiden Trip/ Maiden Voyage ဟုခေါ်သော စတင်ပြေးဆွဲဝန်ဆောင်မှုပေးချိန်များတွင်လည်း Fam Trip များကို ဖိတ်ခေါ်လေ့ရှိကြပါသည်။

(၅) နိုင်ငံတကာ (သို့မဟုတ်) ရည်မှန်းထားသော ဈေးကွက်တစ်ခုကို ထိုးဖောက်လိုချိန်။ ဥပမာအားဖြင့် မိမိနိုင်ငံ၏ ခရီးသွားထုတ်ကုန်များကို နိုင်ငံတကာဈေးကွက် (သို့မဟုတ်) မိမိမျှော်မှန်းထားသည့် အလားအလာရှိသည့် ဈေးကွက်တွင် မိတ်ဆက်ရောင်းချလိုသော အချိန်များ၌လည်း သီးသန့်စီစဉ်ဆောင်ရွက်ကြပါသည်။

မိမိအနေဖြင့် Fam Trip (ပဲဆိုကြပါစို့)။ မိတ်ဆွေများ ခင်မင်ရင်းနှီးသူများက ၎င်းတို့လုပ်ဆောင်မည့် ဟိုတယ်/အပန်းဖြေစခန်းစသည့် နေရာများသို့ ဖိတ်ကြားသည့်အကြောင်းကို အခြားသူများက ကြားသိသည့်အခါ ဤကဲ့သို့သော အလုပ်ကို သဘောကျနှစ်ခြိုက်ကြောင်းပြောကြ၏။ ၎င်းတို့၏အမြင်တွင် အခမဲ့ သွားလာတည်းခိုစားသောက်ရသောအလုပ်ဟု ထင်မှတ်ပုံရ၏။ Fam Trip သဘောတရားကို အချို့ကလည်း ယင်းကဲ့သို့ ယူဆကြောင်း ကြားသိရသည်။ သွားလာစားသောက်လျှောက်ကြည့်ပြီး ပြန်သွားသူများဟု ထင်မှတ်ကြဖွယ်ရှိပါသည်။ Fam Trip စတင်ပြင်ဆင်ဆောင်ရွက်ချိန်၊ Fam Trip တွင် လိုက်ပါမည့်သူများ စီစစ်ရွေးချယ်ချိန်ကပင် အားနည်းမှုများရှိခြင်း၊ Fam Trip တစ်ခု၏ ထိရောက်အောင်မြင်မှုကို တိုင်းတာသုံးသပ်နိုင်မှုမရှိခြင်းတို့သည် Fam Trip များကျရှုံးခြင်း၊ မအောင်မြင်ခြင်း၏ အကြောင်းတရားများစွာအနက်မှ တစ်ခုဖြစ်သည်။

Fam Trip တစ်ခုကို ခရီးသွားမြှင့်တင်ရေး၏ လက်နက်ကိုရိယာတစ်ခုအဖြစ် အသုံးချရမည့်အစား လုပ်ဆောင်ချက်တစ်ခုအဖြစ် ရှုမြင်ဖော်ဆောင်သွားခြင်းကြောင့် Fam Trip ခရီးစဉ်အောင်မြင်စွာပြီးဆုံးသွားသော်လည်း နောက်ဆက်တွဲတိုင်းတာမှုများအရ အကယ်စင်စစ် အောင်မြင်သော Fam Trip တစ်ခုအဖြစ် သတ်မှတ်ရန် ခက်ခဲလှပါသည်။ ။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ထားဝယ် မေ ၃၁



တနင်္သာရီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ထိန်သစ်ရပ်ကွက်၊ ကမြောကင်းလမ်း၊ (၆) လမ်းထိပ်မှ ထားဝယ်မြစ်အထိ ပင်မရေမြောင်း တူးဖော်ခြင်း လုပ်ငန်း၊ ဘော်ဦးချောင်းမှ ကမြောကင်း ချောင်းအထိ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်း၊ ပိန္နဲတောရပ်ကွက် ရွှေတောင်စားလမ်း ဓေယျဝတီဘုန်းတော်ကြီးကျောင်းတော ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ ဗျောတောဝရပ်ကွက် လေယာဉ်ကွင်းလမ်း မြို့တော်ခန်းမရှေ့ Box Culvert နှင့် အုတ်စီရေမြောင်းပြုလုပ်ခြင်း လုပ်ငန်း၊ ပြည်သူများက တောင်ဆိုထားသည့် ဘုမ္မော်ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကြက်စားပြင်ရပ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးဘေး ဆိပ်ကမ်းသာလမ်းနှင့် ငါးလေလံ ဈေးအကြား ဆက်သွယ်နိုင်ရန် အတွက် တံတားတည်ဆောက် အသုံးပြုနိုင်ရေး၊ ယဉ်ကျေးမှုပြတိုက်နှင့် ဆန်းချီချောင်းအကြား လေးလမ်းသွား ကွန်ကရစ်ခင်းကျင်း ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တိုက်ကြီးမြို့နယ်၌ အရာရှိမြေတိုင်းသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွဲ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ အရာရှိမြေတိုင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲကို မေ ၂၉ ရက်က ကျင်းပသည်။

ဦးစွာဗဟိုမြေစာရင်းဖွဲ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသိန်းစိုးမင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



ရေးမြို့နယ်၌ မျိုးစေ့ချကိရိယာပေးအပ်ပွဲ ကျင်းပ

ရေး မေ ၃၁

မွန်ပြည်နယ် ရေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် မိုးစပါးရာသီမျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများအား မျိုးစပါးနှင့် မျိုးစေ့ချကိရိယာပေးအပ်ပွဲကို မေ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (ခေတ္တ) ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးမွန်က မျိုးစပါးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဒေါ်မိုးမိုးသန်းလွင်က မျိုးစေ့ချကိရိယာပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အစင်ကျေးရွာမှ တောင်သူ ရှစ်ဦး၏ စိုက်ပျိုးဧက ၄၀ အတွက် ပေါ်ဆန်းရင် မျိုးစပါးတင်း ၃၀၊ ဆင်းသုခမျိုးစပါး ၁၀ တင်းနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သော ပေါင်ကြီးတင် မျိုးစေ့ချကိရိယာတစ်လက်၊ မျိုးစေ့ချကိရိယာ ၄၀ တို့အား တောင်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှင်းသန့်(ဖြူ)



စက်မှုဇုန်များတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများသည် စက်မှုဇုန်များတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အား ပြတ်တောက်မှု လျော့နည်းရေးနှင့် ဓာတ်အား လေလွင့်ပျောက်ဆုံးမှု မရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၀ ရက်နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် စက်မှုဇုန်များအတွင်း လျှပ်စစ်ဓာတ်အားကို ပို့အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် မီးသုံးဘူစက်ရုံများရှိ Capactor Bank များ သုံးစွဲရေး၊ ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ ဓာတ်အားလေလွင့်ပျောက်ဆုံးမှုမရှိစေရေးတို့အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် အန္တရာယ်ရှိ သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များအား ဇုန်ကော်မတီများနှင့်ညှိနှိုင်းပြီး အပတ်စဉ်ခုတ်ထွင်ရှင်းလင်းရေး၊ SAC ကြိုးများဖြင့် လဲလှယ်တပ်ဆင်ရေး၊ ဟောင်းနွမ်းဓာတ်အားလိုင်းတိုင်များ လဲလှယ်ရေး၊ ထရန်စဖော်မာများ လောင်ကျွမ်းမှု မဖြစ်စေရေးတို့အတွက် ဇုန်ကော်မတီဝင်များ၏ ဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာရုံးချုပ်၊ ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင် (YESC)

လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

နမ့်စန် မေ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် လွိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ဟိုင်းနားလေးကျေးရွာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရာဇာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသူများကို သင်တန်းထုတ်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)





ခရမ်းမြို့နယ်၌ တောင်သူနည်းပညာပေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ဇီးဖြူပင်ကျေးရွာမှ တောင်သူများအား ယမန်နေ့နံနက် ၁၀ နာရီတွင် တောင်သူနည်းပညာပေးဆွေးနွေးပွဲပြုလုပ်သည်။

ဦးစွာ ခရမ်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲနှင့် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမောင်က ဦးစီးဌာန၏လုပ်ငန်းတာဝန်များ၊ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေးနှင့်စပ်လျဉ်း၍ တောင်သူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

အာကာ

ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ဂျပန်နှင့် အမေရိကန် နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံ

တိုကျို မေ ၃၁

ဂျပန်နှင့် အမေရိကန် နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများက နှစ်နိုင်ငံ မဟာမိတ်ဆက်ဆံရေး၏ တုံ့ပြန်မှု စွမ်းရည်ကို ပိုမိုအားကောင်းစေရန် အတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုအိဇုမိ ရှင်းဂျိရိုနှင့် အမေရိကန်ကာကွယ်ရေး ဝန်ကြီး ပီတာ ဟက်ဆက်တို့က စင်ကာပူ နိုင်ငံ၌ မေ ၃၀ ရက်တွင် တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံဝန်ကြီးများက ဂျပန်-အမေရိကန် မဟာမိတ်ဆက်ဆံရေးကို ပိုမို အားကောင်းလာစေရန် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း သိရသည်။

အမေရိကန်အနေဖြင့် ဂျပန်၏ ကာကွယ်ရေးစွမ်းရည်များ အားကောင်းလာစေရန် ကြိုးပမ်းမှုများနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးရန် မျှော်လင့်ထားကြောင်း ကာကွယ်ရေးဝန်ကြီး ပီတာ ဟက်ဆက်က ပြောကြားသည်။

ဂျပန်၏ မကြာသေးမီက ပြန်လည် ပြင်ဆင်ထားသော ကာကွယ်ရေးပစ္စည်း နှင့် နည်းပညာလွှဲပြောင်းရေးမူဝါဒအရ သေစေနိုင်သော လက်နက်များကိုလည်း အခြေခံအားဖြင့် တင်ပို့ခွင့်ပြုထားကြောင်း ကာကွယ်ရေးဝန်ကြီး ကိုအိဇုမိ ရှင်းဂျိရိုက ပြောကြားခဲ့သည်။

အဆိုပါလှုပ်ရှားမှုကို အမေရိကန် ကာကွယ်ရေးဝန်ကြီး ပီတာ ဟက်ဆက်က ကြိုဆိုခဲ့သည်။

ရင်ဆိုင်သွားမည်

ဝန်ကြီးနှစ်ဦးက ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ နိုင်ငံများအနေဖြင့် မည်သည့်အခြေအနေအရပ်ရပ်ကိုမဆို တည်တည်ငြိမ်ငြိမ်နှင့် ပြတ်ပြတ်သားသား ရင်ဆိုင်သွားမည် ဖြစ်ကြောင်း ထပ်မံအတည်ပြုပြောကြားခဲ့သည်။

ဩစတြေးလျ၊ တောင်ကိုရီးယားနှင့် ဖိလစ်ပိုင်တို့အပါအဝင် ဒေသတွင်း မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိုလည်း ဂျပန်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးနှစ်ဦးက သဘောတူညီခဲ့ကြသည်။ ဒုံးခွင်းဒုံးများ ပူးတွဲဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုအောင်မြင်ရန် ခိုင်မာသော အစီအမံများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ကိုးကား - အင်နှစ်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဖီဂျီနိုင်ငံက အမျိုးသား ဒစ်ဂျစ်တယ် စိုက်ပျိုးရေး အစီအစဉ်ကို ကြိုးပမ်းအကောင်အထည်ဖော်

ဆူးဗား မေ ၃၁

ဖီဂျီနိုင်ငံက အမျိုးသား ဒစ်ဂျစ်တယ် စိုက်ပျိုးရေးအစီအစဉ်ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

ဒစ်ဂျစ်တယ်စိုက်ပျိုးရေးမဟာဗျူဟာသည် ရေ့ပြေးစီမံကိန်းများမှ နိုင်ငံတစ်ဝန်းဒစ်ဂျစ်တယ်စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ ရေလမ်းနှင့် သက်ကြားစက်မှုဝန်ကြီးဌာနဝန်ကြီး တိုမာဆီ တူနာဘူနာက ယနေ့ ပြောကြားခဲ့သည်။

ဖီဂျီအစိုးရက အမေရိကန်ဒေါ်လာ ၅၂ သန်းခန့်ကို ၂၀၂၅-၂၀၂၆ နိုင်ငံတော်ဘတ်ဂျက်တွင် ဒစ်ဂျစ်တယ်စိုက်ပျိုးရေး၊ ဈေးကွက်ဝင်ရောက်မှုနှင့် အရင်းအနှီးအစီအစဉ်များအတွက် ခွဲဝေပေးထားသည်။

အစိုးရက ဖန်လုံအိမ်နှင့် ဟိုက်ဒရိုပိုနစ်များကဲ့သို့သော အကာအကွယ်ပေးထားသော လယ်ယာစနစ်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီး တူနာဘူနာက ဆက်လက်ပြောကြားခဲ့သည်။

ရိတ်သိမ်းချိန်လွန်စနစ်များကို အဆေးခန်းသို့လှောင်မှု၊ အဆေးခန်းသယ်ယူပို့ဆောင်ရေးနှင့် နည်းပညာမြင့်ကိရိယာများအသုံးပြုကာ အဆင့်မြှင့်တင်လျက်ရှိသည်။

သို့သော် ကျေးလက်ဒေသချိတ်ဆက်မှု၊ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုတွင် ကွာဟမှုများသည် အမျိုးသားဒစ်ဂျစ်တယ် စိုက်ပျိုးရေးအစီအစဉ်၏ အကျိုးသက်ရောက်မှုကို ကန့်သတ်နိုင်ပြီး သွင်းကုန်မိုဘိုင်းအားထားမှုကို လျော့ချရန် ကြိုးပမ်းမှုများကို နှေးကွေးစေနိုင်ကြောင်း ဖီဂျီအစိုးရက သတိပေးထားသည်။

ယခုနှစ်အတွင်း လယ်သမား ၄၂၀ ကို ဒစ်ဂျစ်တယ် စိုက်ပျိုးရေး ဆိုင်ရာ ကျွမ်းကျင်မှုများအတွက် လေ့ကျင့်ပေးခဲ့ပြီး ရာသီဥတုဒဏ်ခံနိုင်သော ထုတ်လုပ်မှုနှင့် လယ်ယာလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများတွင် လယ်သမား ၁၂၅ ဦးကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



လက်ဘနွန်နိုင်ငံ တောင်ပိုင်း၌ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ၁၅ ဦး သေဆုံး

ဘေရွတ် မေ ၃၁

လက်ဘနွန်နိုင်ငံ တောင်ပိုင်း၌ မေ ၂၉ ရက်မှ ၃၀ ရက်အထိ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုနှင့် ဒုံးကျည်တိုက်ခိုက်မှုများကြောင့် ၁၅ ဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေး ဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

သေဆုံးသူများတွင် ဆေးမှုံများနှင့် ဆီးရီးယားအမျိုးသား တစ်ဦးတို့ပါဝင်ကြောင်း သိရသည်။

ထို့ပြင် နာဘာတီခရိုင် အီဘာရွာရှိ လမ်းမကြီးတစ်ခုပေါ်တွင် လက်ဘနွန်တပ်မတော်၏ ယာဉ်တစ်စီးသည် အစ္စရေးမောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်မိခဲ့ရာ တပ်မတော်သား၃နှစ်ဦး ဒဏ်ရာ အပြင်းအထန် ရခဲ့ကြောင်းနှင့် ၎င်းတို့အား ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း လက်ဘနွန်တပ်မတော်က ဆိုရှယ်မီဒီယာတွင် ပြောကြားခဲ့သည်။

မတ် ၂ ရက်မှ စတင်သည့် ပဋိပက္ခများကြောင့် သေဆုံးသူ ၃၃၇၁ ဦးရှိပြီး ၁၀၁၂၉ ဦး



ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန် နိုင်ငံ၏ ပြည်သူ့ကျန်းမာရေး အရေးပေါ် စစ်ဆင်ရေးဌာနက မေ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် အပစ်အခတ်ရပ်စဲရေး အတွက် နိုင်ငံရေးနှင့် သံတမန်ရေးရာ ကြိုးပမ်းမှုများ အရှိန်မြှင့် လုပ်ဆောင်နေချိန်တွင် လက်ဘနွန် နိုင်ငံသည် အရေးကြီးသော အဆင့်တစ်ခုကို ရင်ဆိုင်နေရကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နဝဖ် ဆလမ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အစ္စရေးသည် သီခြားပစ်မှတ်များထက် ကျော်လွန်၍ မြို့များ၊ ကျေးရွာများနှင့် အရပ်သား အခြေခံ အဆောက်အအုံများကို ထိမှန်စေသော ကျယ်ပြန့်သည့် ဗျက်ဆီးမှုများကို လုပ်ဆောင်ခဲ့ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နဝဖ် ဆလမ်က စွပ်စွဲပြောကြားသည်။

သို့သော် အစ္စရေးမှ အပြည့်အဝ ဆုတ်ခွာရေး၊ အကျဉ်းသားများ လွှတ်ပေးရေး၊ နေရပ်ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ညှိနှိုင်းမှုများအပါအဝင် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို လက်ဘနွန်က ဆက်လက် ကတိပြုထားကြောင်း လက်ဘနွန် ဝန်ကြီးချုပ် နဝဖ် ဆလမ်က ပြောကြားခဲ့သည်။

ဟစ်ဇဘိုလာအဖွဲ့က အစ္စရေး မြောက်ပိုင်းရှိ ဆာဖက်နှင့် နာဟာရီယာ မြို့များဆီသို့ ဒုံးကျည်များ ဖြင့် ပစ်ခတ်ခဲ့သော်လည်း အသေ အပျောက်မရှိကြောင်း အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့က ပြောကြား ခဲ့သည်။

ဧပြီလလယ်ပိုင်းမှစပြီး အပစ် အခတ်ရပ်စဲရေး စတင်အသက်ဝင် ကတည်းက အစ္စရေးတပ်ဖွဲ့ဝင်များ သည် လစ်တာနီမြစ်မြောက်ဘက်၌ စစ်ဆင်ရေးများ တိုးချဲ့ လုပ်ဆောင်ခဲ့ကြောင်း အစ္စရေး ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။

ဟစ်ဇဘိုလာအဖွဲ့၏ တိုက်ခိုက်မှု အရှိန်မြင့်တက်လာခြင်းသည် လက်ဘနွန်တွင် တိုးချဲ့ထားသော အစ္စရေး၏ စစ်ရေးလှုပ်ရှားမှုနှင့် ဆက်နွယ်ကြောင်း အစ္စရေးမီဒီယာများက သုံးသပ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်သုတေသီများက အာတိတ်ပင်လယ်၏အထူကိုခန့်မှန်းရန် နည်းလမ်းသစ်တီထွင်

တိုကျို မေ ၃၁

ဂျပန်သုတေသီများက ဂြိုဟ်တုမှရရှိသည့် အချက်အလက်ကို အသုံးပြု၍ အာတိတ်ပင်လယ်၏ အထူကိုခန့်မှန်းရန် နည်းလမ်းသစ်ကို တီထွင်ခဲ့ကြောင်း သိရသည်။

အာတိတ်သမုဒ္ဒရာအတွင်းရှိ ရေခဲထုပမာဏသည် ကမ္ဘာကြီး ပူနွေးမှုကြောင့် ဆက်လက်အရည်ပျော်လျက်ရှိသည်။ ပင်လယ်ရေခဲထု၏ ပမာဏကို ပိုမိုတိကျစွာ ဆက်လက်ထိန်းသိမ်းထားရန်မှာ ၎င်း၏ အတိုင်းအတာသာမက ၎င်း၏အထူကိုလည်းသိရှိရန် အရေးကြီး ကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

သို့သော် ပင်လယ်ရေခဲအထူကို တိုင်းတာရန် နည်းလမ်းများမှာ ကန့်သတ်ချက်များ ရှိခဲ့သည်။ ဂျပန်သုတေသီအဖွဲ့တစ်ဖွဲ့က အာတိတ် ပင်လယ်ရေခဲများ မည်သည့်အချိန်၊ မည်သည့်နေရာနှင့် မည်သို့ ရွေ့လျားနေပုံကိုလေ့လာရန် ဂြိုဟ်တုလေ့လာရေးဒေတာမှတစ်ဆင့် ပြန်လည် ခြေရာခံခဲ့သည်။ ရေခဲထူထပ်မှုကို ခန့်မှန်းရန် အပူချိန်နှင့် စိုထိုင်းဆ အပါအဝင် ၎င်းတို့၏ နောက်ဆက်တွဲအချက်အလက်နှင့် ရာသီဥတု အခြေအနေများကို ပေါင်းစပ်လေ့လာခဲ့သည်။

၎င်းတို့၏ ခန့်မှန်းချက်များသည် တိုက်ရိုက်လေ့လာတွေ့ရှိချက် များနှင့် လိုက်လျောညီထွေရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နည်းလမ်းသစ်သည် အာတိတ်ပင်လယ်ရေခဲထုထည်ကို



တိကျစွာခန့်မှန်းရာတွင် အထောက်အကူဖြစ်မည်ဟု မျှော်လင့်ကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

အာတိတ်တွင် ဖြစ်ပျက်နေမှုများကို သိရှိနားလည်ရန် ပင်လယ် ရေခဲများ၏ အတိုင်းအတာနှင့် အထူကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်ကြောင်း ကိုချိတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ နုရီကီက ပြောကြား ခဲ့သည်။ ပင်လယ်ရေခဲများ အရည်ပျော်မှု၏ အစောပိုင်းလက္ခဏာများကို သိရှိရန် ယခုနည်းလမ်းသစ်ကို အသုံးပြုပြီး ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ လေ့လာမှုများ၏တိကျမှုကို မြှင့်တင်နိုင်ရန် မျှော်လင့်ပါကြောင်း တွဲဖက်ပါမောက္ခ နုရီကီက ပြောကြားခဲ့သည်။

ကိုးကား - အင်နှစ်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

ဇွန်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ဇွန် ၁ ရက်မှ ၅ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁) ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဓောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခွဲခန့်၊ ဝဲခ်ဖြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် နှင့် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မိုး/ဇလ

သဲကုန်းမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



သဲကုန်း မေ ၃၁

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း (ပုတီးကုန်း) ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သဲကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြရာ ကျွန်း ၇၅ ပင်၊ မန်ကျန်ရား ၇၅ ပင် တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်၌ မိုးရာသီ(အကြို) သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ပေါက်ခေါင်း မေ ၃၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီ(အကြို)သစ်ပင်စိုက်ပျိုးပွဲကို မေ ၃၁ ရက်က မြို့နယ်လျှပ်စစ်ဝင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပေါက်ခေါင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသန်းထူးအောင်၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသော်မော်ခန့်နှင့် တက်ရောက်လာသူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျန်ရား၊ စိန့်ပန်းကြီး၊ ကုက္ကို၊ ရေတမာ၊ သခွတ် စသည့်ပျိုးပင်ပေါင်း ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ဖုန်းကျော်ဇင်(ပြန်/ဆက်)

ရွှေဘိုမြို့၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေး



ရွှေဘို မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေဩဇာလျော့ချသုံးစွဲရေးနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းနှင့် မျိုးစေ့နှင့် သွင်းအားစု ပုံပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၉ ရက်က ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနခွဲ ကျင်းပသည်။

ဦးစွာ ခင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ပြည်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဓာဓာမင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ခင်ဦးမြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က သီးနှံစိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးဆွေးနွေးသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ခင်ဦးမြို့နယ်ရှိ အကျိုးဆောင် တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုပုံပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်မှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်မှန်းလက်လီဈေးနှုန်းများ

၁-၆-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စစ်ကိုင်	မုံရွာ	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၅၀	၄၅၂၀	၄၆၆၅	၄၅၆၅	၄၅၂၀	၄၅၃၅	၄၅၂၅	၄၆၃၀	၄၈၃၅	၅၀၅၅	၄၆၆၀	၄၈၀၀	၄၈၆၅	၄၈၃၅	၄၈၂၀	၄၉၄၀
95 Ron	၄၆၂၀	၄၇၀၅	၄၇၄၀	၄၆၃၅	၄၇၀၅	၄၈၀၀	၄၈၅၀	၄၇၁၅	၄၈၅၀	၅၀၅၀	၄၇၃၅	၄၈၃၅	၄၈၄၅	၄၈၃၀	၄၈၃၀	၅၀၁၅
HSD (500 ppm)	၄၇၀၅	၄၇၂၅	၄၇၀၅	၄၆၁၀	၄၇၆၀	၄၇၃၀	၄၈၀၀	၄၆၈၀	-	၅၀၀၅	၄၇၀၀	၅၀၆၀	၄၇၉၅	၄၇၉၀	၄၇၂၅	၄၉၆၅
HSD (50 ppm)	၅၀၅၀	၄၇၂၀	၄၉၆၅	၄၉၂၅	၄၇၃၅	၄၇၈၀	၄၉၆၀	၄၇၈၀	၄၇၈၀	၅၂၀၀	၄၉၆၅	၅၀၅၀	၄၉၀၅	၄၇၁၅	၄၇၂၀	၅၀၄၀
HSD (10 ppm)	၅၀၅၀	၄၇၂၀	၄၉၆၅	၄၉၂၅	၄၇၃၅	၄၇၈၀	၄၉၆၀	၄၇၈၀	၄၇၈၀	၅၂၀၀	၄၉၆၅	၅၀၅၀	၄၉၀၅	၄၇၁၅	၄၇၂၀	၅၀၄၀

ကျပ်/လီတာ

Fuel (ဝယ်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၉၀၆	၄၉၃၆
95 Ron	၄၉၈၇	၄၉၈၉
HSD (500 ppm)	၄၉၇၉	၄၉၉၁
HSD (50 ppm)	၅၂၂၇	၅၃၂၂
HSD (10 ppm)	၅၂၂၇	၅၃၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများထယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၉၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ခြေဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



သနပ်ပင်မြို့နယ်၌ မိုးရာသီ(အကြို) ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုး

သနပ်ပင် မေ ၃၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်သစ်တောဦးစီးဌာနက သနပ်ပင်မြို့နယ်အတွင်း မိုးရာသီ(အကြို)ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ဖရဲကျေးရွာနှင့် ကမာဖရန်ကျေးရွာသွား ကားလမ်းဘေး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းမြေအောင်နှင့် ဝန်ထမ်းများက ပျိုးပင်များကို ဖြန့်ဝေပေးကာ ပြုစုထိန်းသိမ်းခြင်းများအကြောင်း ရှင်းလင်းဆွေးနွေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက ပိတောက်၊ မဟော်ဂနီ စသည့် ပျိုးပင်ပေါင်း ၅၀၆ ပင်အား စုပေါင်း၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အထောက်အကူပြုကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဒုတိယအကြိမ် မြစ်ကြီးနားမြို့သို့ ရောက်ရှိ

နေပြည်တော် မေ ၃၁

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသတွင်း လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် မြို့၊ ရွာများ၌ အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်နိုင်ရန် အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation) များကို ဆောင်ရွက်ကာ ပြည်သူလူထုအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအနက် တစ်ခုဖြစ်သော မန္တလေး - မတ္တရာ - သပိတ်ကျင်း - တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး - နန့်စီးအောင် - မိုးညှင်း - မိုးကောင်း - မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်အား အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို မန္တလေးမြို့မှ တစ်ဆင့် မြစ်ကြီးနားမြို့သို့ ပထမအကြိမ်အဖြစ် မေလ ၁၂ ရက်တွင် ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။



ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အထောက်အကူပြု ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မန္တလေးမြို့မှ ထွက်ခွာစဉ်။



မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အကူပြု ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များကို ဒေသခံများက သောင်းသောင်းဖြဖြ ကြိုဆိုစဉ်။



ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အကူပြု ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် ရောက်ရှိစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည့် ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းရင်းသား ပြည်သူများအနေဖြင့် ၎င်းတို့၏နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် အခြေခံစားသောက် ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ကျောင်းသုံး စာအုပ်များနှင့် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်များနှင့် မီးသတ်ကားများသည် ဒုတိယအကြိမ်အဖြစ် မန္တလေးမြို့မှ မေ ၂၂ ရက်တွင် စတင်ထွက်ခွာခဲ့ရာ ယနေ့ည၌ လွဲပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက အိုးစည်ခိုးပတ်များ၊အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ကြည့်ရှု

ဆက်လက်၍ အဆိုပါမော်တော်ယာဉ်များပေါ်တွင် ပါရှိလာသည့် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များအား သက်ဆိုင်ရာ အခြေခံပညာကျောင်းများသို့ လည်း ကောင်း၊ ဆေးနှင့် ဆေးဝါးပစ္စည်းများအား မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ မီးသတ်ကားများအား ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနသို့ လည်းကောင်း ပို့ဆောင်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါ်ပေါက်စပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အသက်မွေးဝမ်းကျောင်း တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

မုံရွာ မေ ၃၁

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် ပုံမှန်ကာလတို အသက်မွေးဝမ်းကျောင်းပညာသင်တန်းများထဲမှ တန်ဖိုးမြှင့် စားသောက်ကုန် (Bakery အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယနေ့နံနက် ပိုင်းတွင် ယင်းဌာနရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ မုံရွာမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးဆန်းဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် မုံရွာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်က သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနညွှန်ကြားရေးမှူးက သင်တန်းသူတစ်ဦးထံ သင်တန်းမှရရှိသည့် ထုတ်ကုန်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အဆိုပါဌာနရှိ ဓာတ်ခွဲခန်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ သင်ကြားပို့ချပေးသည့် နေရာများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မုံရွာ(ကိုယ်ပွား)

မိတ္ထီလာလွင်ပြင် ရေတင်စီမံကိန်းမှ စိုက်ပျိုးရေးပေးဝေနေမှု ကြည့်ရှု

မိတ္ထီလာ မေ ၃၁



မန္တလေးတိုင်း ဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးသည် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးရရှိရေး ဆောင်ရွက်နေသော မိတ္ထီလာလွင်ပြင် ရေတင်စီမံကိန်းမှ စိုက်ပျိုးရေးပေးဝေနေမှုကို ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူးက မိတ္ထီလာလွင်ပြင်တွင် စိုက်ပျိုးဧက ၅၀၀၀ ရေပေးဝေနိုင်ရန် ဆောင်ရွက်ပြီးဖြစ်၍ စိုက်ပျိုးဧက ၈၀၀၀ အထိ တိုးချဲ့ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာခရိုင်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆိုလာစနစ် ရေတင်စီမံကိန်းလေးခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိုးကောင်းသောက် စိုက်ပျိုးဧရိယာမြေ ဧက ၃၉၅၀ စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေမည် ဖြစ်ကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)မှ ဦးစီမင်းထွန်းက စံမုံရေငုတ်ပြွန်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက စိုက်ပျိုးဧကော် ရရှိရန်၊ သီးထပ်၊ သီးညှပ် တစ်နှစ်လျှင် အနည်းဆုံး နှစ်သီးစိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အေအိုင်ရေစာနှင့် အမှန်တရားအတွက် နောက်ဆုံးခံစစ်စည်း

မောင်မောင်လင်း

လတ်တလောကာလမှာ နိုင်ငံအစိုးရတစ်ရပ်ရဲ့ တရားဝင်ထုတ်ပြန်ချက်တွေမှာ မူရင်းမှတ်တမ်းနဲ့ အေအိုင်နည်းပညာနဲ့ အဆင့်မြှင့်တင်ထားတဲ့ မှတ်တမ်းကို ရှင်းလင်းစွာခွဲခြားပြသဖို့ အေအိုင်ရေစာ (AI Watermarking) စနစ်ကို စတင်အသုံးပြုလာကြတာကို တွေ့ရပါတယ်။

မူနဲ့ဝါးနေတဲ့ မူရင်းမှတ်တမ်းတွေကို အေအိုင်နည်းပညာနဲ့ ပုံရိပ်ကြည်လင်အောင် အဆင့်မြှင့်တင်ထားကြောင်း တိကျစွာ အမှတ်အသားပြုခြင်းဖြင့် 'အချက်အလက်အမှန်' နဲ့ 'ပြုပြင်ထားတဲ့ အချက်အလက်' ကြားက စည်းကို ရှင်းလင်းစွာသတ်မှတ်ပြနိုင်ခဲ့ပါတယ်။ ဒီဖြစ်ရပ်က အရေးကြီးမေးခွန်းတစ်ခုဖြစ်တဲ့ "အေအိုင်ခေတ်မှာ မြင်တွေ့ရသမျှကို မယုံကြည်ခင် ယင်းရဲ့မူလဇာစ်မြစ်ကို ဘယ်လို အတည်ပြုအာမခံချက်ပေးမလဲ" ဆိုတာအတွက် အထောက်အကူ ဖြစ်စေပါတယ်။

ဒါပေမဲ့ ဒီနည်းပညာအခြေပြု ပွင့်လင်းမြင်သာမှုကရော ရေရှည် စိတ်ချရမှာလား။ ယနေ့လိုမျိုး အေအိုင်သုံး အတုအယောင်ဖန်တီးမှု တွေ (Deepfake) ပေါများလာတဲ့ခေတ်မှာ နည်းပညာအချင်းချင်း ကျော်လွှားဖို့ ကြိုးပမ်းတဲ့ကိရိယာတွေကြောင့် အေအိုင်ရေစာစနစ်တွေ ဟာလည်း အချို့သောအခြေအနေတွေမှာ ပျက်ပြယ်ခြင်း သို့မဟုတ် ရှောင်ကွင်း ကျော်လွှားခြင်းခံနေရဆဲဖြစ်ပါတယ်။ ရလဒ်ကတော့ နည်းပညာနဲ့ လှည့်စားမှုရဲ့အကြား အားပြိုင်မှုဟာ 'ကြောင်နဲ့ကြွက်' ပုံစံအတိုင်း အဆုံးမရှိ ဆက်လက်ဖြစ်ပွားနေဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့် နည်းပညာတစ်ခုတည်းနဲ့ မလုံလောက်တော့တဲ့ခေတ် မှာ တင်းကျပ်တဲ့ဥပဒေတွေပါဝင် အသိစိတ်ဓာတ်ကိုအခြေခံတဲ့ ကမ္ဘာ လုံးဆိုအသိပညာပေးမှုနဲ့ အလွှာလိုက်ခံစစ်စနစ်တွေက အမှန်တရားကို ဘယ်လောက်အထိ လက်တွေ့ကျကျ မဟာဗျူဟာမြောက် ကာကွယ် ပေးနိုင်မလဲဆိုတာကို အကျယ်တဝင့် ဆွေးနွေးဖို့လိုအပ်လာပါသည်။

ခေတ်သစ်ဒစ်ဂျစ်တယ် အဆိပ်အတောက်တွေနဲ့ ခံစစ်တံတိုင်း

ယနေ့ခေတ် သတင်းအချက်အလက်ဂေဟစနစ်မှာ မရည်ရွယ်ဘဲ သတင်းမှားခြင်းနဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတင်းဖြန့်ခြင်းတို့ဟာ အေအိုင်သုံးအတုအယောင်ဖန်တီးမှု နည်းပညာတွေနဲ့ပေါင်းစပ်ကာ လူ့အဖွဲ့အစည်းရဲ့ယုံကြည်မှုကို အခြေခံမှစပြီး ဖျက်ဆီးနေကြပါတယ်။

နိုင်ငံရေး၊ စီးပွားရေးနဲ့ အမျိုးသားလုံခြုံရေးနယ်ပယ်တွေမှာ အစစ်အမှန်နဲ့ အတုကို ခွဲခြားဖို့မဖြစ်နိုင်လောက်အောင် ခက်ခဲလာ ခြင်းက လူထုရဲ့ဆုံးဖြတ်ချက်ချနိုင်စွမ်းကို ဝေဝါးစေပြီး ဒီမိုကရေစီရဲ့ အခြေခံမူတွေကိုတောင်မှ ခြိမ်းခြောက်လာနေပါတယ်။ ဒီအခြေအနေ မှာ နည်းပညာကို ပိတ်ပင်တားဆီးရုံမျှနဲ့ မဖြေရှင်းနိုင်ဘဲ ဒစ်ဂျစ်တယ် စနစ်အတွင်းမှာပဲ ပိုမိုနိုင်မာတဲ့ ကာကွယ်ရေးတံတိုင်းတွေကို စနစ်တကျ တည်ဆောက်ဖို့ လိုအပ်လာကြောင်း ပြသနေပါတယ်။

AI Watermarking – ဒစ်ဂျစ်တယ်သန့်ရှင်းရေး (Digital Hygiene)

အဲဒီအဆိပ်အတောက်တွေကို တိုက်ဖျက်ဖို့ ထွက်ပေါ်လာတဲ့ လက်နက်တစ်ခုကတော့ အေအိုင်ရေစာဆိုတဲ့ ဖိုင်တစ်ခုရဲ့ ဒေတာ နောက်ကွယ် (Metadata) ဒါမှမဟုတ် Pixel တွေထဲမှာ အေအိုင် နည်းပညာ အသုံးပြုထားကြောင်းကို မဖျက်နိုင်တဲ့၊ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ လျှို့ဝှက်ကုဒ်သုံး (Cryptographic) အမှတ်အသားအဖြစ် ထည့်သွင်းခြင်းဖြစ်ပါတယ်။

ဒါဟာ သတင်းအချက်အလက် ခိုင်မာမှုနဲ့ ဒစ်ဂျစ်တယ်သန့်ရှင်း ရေးအတွက် အောက်ပါအတိုင်း အထောက်အကူပြုပါတယ်–

(က) **ပွင့်လင်းမြင်သာမှု**။ ကြည့်ရှုသူ စာဖတ်သူအနေဖြင့် မိမိ မြင်တွေ့နေရတဲ့အကြောင်းအရာဟာ အေအိုင်နဲ့ အစမှအဆုံး ဖန်တီးထားတာလား ဒါမှမဟုတ် မူရင်းကို ပြန်လည်ပြုပြင် ထားတာလားဆိုတာကို ချက်ချင်းခွဲခြားသိရှိနိုင်ပါတယ်။

(ခ) **တာဝန်ယူမှု**။ ကမ္ဘာ့နည်းပညာကုမ္ပဏီကြီးတွေဖြစ်ကြတဲ့ Google၊ Microsoft၊ OpenAI နဲ့ Adobe တို့အနေနဲ့ ယင်း တို့ရဲ့ Tools တွေနဲ့ ဖန်တီးသမျှသော Content တိုင်းကို တာဝန်ယူမှုရှိရှိ အမှတ်အသားပြုဖို့တွန်းအားပေးနိုင်ပါတယ်။

(ဂ) **ပြုပြင်မြှောင်းလဲမှုဒဏ် ခံနိုင်ရည်**။ C2PA လို့ခေါ်တဲ့ ဒစ်ဂျစ်တယ် အကြောင်းအရာ ဇာစ်မြစ်နဲ့ မှန်ကန်မှုစိစစ်ရေး မဟာမိတ်အဖွဲ့ (Coalition for Content Provenance and Authenticity) ရဲ့ စံနှုန်းတွေအရ ဖိုင်ရဲ့ဇာစ်မြစ်ကို လမ်းခုလတ်မှာ ပျက်ပြယ်အောင် ဒါမှမဟုတ် လိမ်လည် ပြုပြင်လို့မရအောင် ဒစ်ဂျစ်တယ်နည်းအရ ကာကွယ် ပေးထားပါတယ်။

ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများရဲ့ လိုအပ်ချက်

အေအိုင်ရေစာစနစ်ဟာ တစ်ကိုယ်တော်ဖြေရှင်းရမယ့် နည်းလမ်း မဟုတ်ဘဲ တစ်ကမ္ဘာလုံးက တညီတညွတ်တည်း လက်ခံကျင့်သုံးရမယ့် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်တစ်ခုဖြစ်လာဖို့ လိုအပ်ပါတယ်။ လက်ရှိ မှာ ကမ္ဘာ့နည်းပညာကုမ္ပဏီကြီးတွေက စတင်အကောင်အထည်ဖော် နေတဲ့ အေအိုင်ရေစာနဲ့ ဖန်တီးမှုစစ်ဆေးရေး နည်းပညာစနစ်တွေဟာ Facebook၊ YouTube နဲ့ TikTok လိုမျိုး လူမှုမီဒီယာပလက်ဖောင်း အားလုံးမှာ စံနှုန်းတစ်ခုအနေနဲ့ တစ်ပြေးညီ အလုပ်လုပ်နိုင်ဖို့ အရေး ကြီးလှပါတယ်။

ဥပမာအားဖြင့် အမေရိကန်အစိုးရရဲ့ UFO ဖိုင်တွေ ထုတ်ပြန်မှုမှာ ကျင့်သုံးခဲ့တဲ့ သက်သေအဆင့်အတန်းခွဲခြားမှုစနစ် (Evidence Levels) ဟာ စံနမူနာကောင်းတစ်ခုဖြစ်ပါတယ်–

အမျိုးအစား (သက်သေ အဆင့်အတန်း)	အနက်ဖွင့်ဆိုချက် (ရှင်းလင်းချက်)	စံနှုန်းသတ်မှတ်ချက် လိုအပ်ချက်
မူရင်းမှတ်တမ်း (Raw)	မူရင်းအတိုင်း ပြုပြင်ထားခြင်း မရှိသောမှတ်တမ်း	အေအိုင်ရေစာ မလိုအပ်ပါ။
အဆင့်မြှင့်မှတ်တမ်း (AI-Enhanced)	အေအိုင် နည်းပညာဖြင့် ပုံရိပ်ကြည်လင်အောင် မြှင့်တင်ထားခြင်း	'အေအိုင်ဖြင့် အဆင့်မြှင့်ထားသည်'ဆိုတဲ့ ရေစာ ပါရှိရမည်။
အေအိုင်ဖန်တီးမှု (AI-Generated)	အေအိုင်ဖြင့် အစမှအဆုံး ဖန်တီးထားသော အတုအယောင်	'အေအိုင်ဖြင့် ဖန်တီးထားသည်' ဆိုတဲ့ ရေစာ မဖြစ်မနေပါရှိ ရမည်။

ဒါကြောင့် အေအိုင်ရေစာဟာ လှည့်စားဖို့ ကြိုးစားမှုကို ကုန်ကျ စရိတ် ပိုမိုမြင့်တက်စေတာအမှန်ဖြစ်ပေမယ့်လည်း လိမ်လည်မှုကို တော့ ရာနှုန်းပြည့်ကင်းစင်သွားအောင် မလုပ်ဆောင်နိုင်ပါ။ ဒီအချက် ကပင် ကျွန်တော်တို့အတွက် ဘက်စုံအလွှာစုံ ခံစစ်စနစ်လိုအပ်ကြောင်း မီးမောင်းထိုးပြနေခြင်းဖြစ်ပါတယ်။

သားရေကွင်း မိုဒယ် (Rubber Band Model) ဖြင့် အပြုအမူဆိုင်ရာ ဆန်းစစ်ခြင်း

တင်းကျပ်တဲ့ ဥပဒေတွေနဲ့ အတင်းအကျပ်မလုပ်ဘဲ လူထုအသိ စိတ်ဓာတ်နဲ့သွားမယ့် ကမ္ဘာလုံးချီလူပ်ရှားမှုတွေမှာ လူသားတို့ရဲ့ အပြုအမူဆိုင်ရာ ကျူဆန့်နိုင်စွမ်းတင်းအား (Behavioral Elasticity) ကို နားလည်ဖို့လိုအပ်ပါတယ်။ စနစ်တကျ ဆွဲထိန်းထားနိုင်မယ့် ဗျူဟာမြောက်စွမ်းအားတွေမရှိခဲ့ရင် လူထုရဲ့တွေးခေါ်မှုနဲ့ အလေ့အထ ဟာ သားရေကွင်းလိုပဲ မူလအခြေအနေဟောင်း (အချက်အလက်တွေကို အပေါ်ယံကြည့်ပြီး လွယ်လွယ်ကူကူ ယုံကြည်ဆုံးဖြတ်တတ်တဲ့ အလေ့ အထဟောင်း) သို့ ရုတ်ခြည်းပြန်လည်လည်ပတ်သွားတတ်ပါတယ်။

ဒီကမ္ဘာလုံးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုကို အရှိန်အဟုန်မြှင့်ဖို့ တွန်းအားပေးနေတဲ့ အကြောင်းရင်းဟာ နည်းပညာတစ်ရပ်တည်း ကြောင့်မဟုတ်ဘဲ နိုင်ငံရေးနဲ့ စစ်ရေးဝါဒဖြန့်မှု၊ အေအိုင်သုံး အတု အယောင်ဖန်တီးမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ယုံကြည်မှုပျက်ပြား ခြင်းဆိုင်ရာ အကျပ်အတည်းကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် "အပြုအမူ ဆိုင်ရာ အလေ့အထဟာ မူလအတိုင်း ပြန်လည်ရုန်းကန်သွားခဲ့ရင် မည်မျှပင် အားကောင်းတဲ့စနစ်ဖြစ်ပါစေ ရှုံးနိမ့်သွားလိမ့်မယ်" ဆိုတဲ့ သဘောတရားကို အခြေခံပြီး လူထုဟာ အပြုအမူဟောင်းတွေဆီသို့ သားရေကွင်းလို ပြန်လည်ရုန်းကန်မသွားစေဖို့အတွက် အောက်ပါ ဆွဲထိန်းအားတွေကို စနစ်တကျ တည်ဆောက်ရမှာဖြစ်ပါတယ်–

"အဲဒီအဆိပ်အတောက်တွေကို တိုက်ဖျက်ဖို့ ထွက်ပေါ်လာတဲ့ လက်နက်တစ်ခုကတော့ အေအိုင်ရေစာဆိုတဲ့ ဖိုင်တစ်ခုရဲ့ ဒေတာနောက်ကွယ် (Metadata) ဒါမှမဟုတ် Pixel တွေထဲမှာ အေအိုင်နည်းပညာအသုံးပြုထားကြောင်းကို မဖျက်နိုင်တဲ့၊ သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ လျှို့ဝှက်ကုဒ်သုံး (Cryptographic) အမှတ်အသားအဖြစ် ထည့်သွင်းခြင်းဖြစ်"

နည်းပညာတစ်ခုတည်းဖြင့် မလုံလောက်သောခေတ်နှင့် Layer–2 Awareness Model

သတင်းမှားနဲ့ လှည့်စားမှုပြဿနာတွေကို ဖြေရှင်းရာမှာ "နည်းပညာက အားလုံးကို ကုစားပေးလိမ့်မယ်"ဆိုတဲ့ အယူအဆဟာ ယနေ့ခေတ်မှာ မလုံလောက်တော့ပါ။ ရေရှည်တည်တံ့သော သတင်း အချက်အလက်ခိုင်မာမှုဆိုတာ နည်းပညာ၊ အုပ်ချုပ်မှုပူဝါဒနဲ့ လူသား တို့ရဲ့ အပြုအမူဆိုင်ရာ ယဉ်ကျေးမှုတို့ ပေါင်းစပ်မှုရှိမှသာဖြစ်ပေါ်လာ နိုင်ပါတယ်။ ဒီအမြင်အပေါ် အခြေခံပြီး "နည်းပညာတစ်ခုတည်းဖြင့် သတင်းမှားကို မဖြေရှင်းနိုင်ပါ၊ လူ့အပြုအမူကသာ စနစ်ကိုပြည့်စုံစေ ရမယ်" ဆိုတဲ့ သဘောတရားအရ အလွှာနှစ်ခု အသိပညာပေးမိုဒယ် (Layer–2 Awareness Model) ကို ရှေ့ဆောင်ပေးရပါမယ်–

(က) **Layer 1 (အသုံးပြုသူအလွှာ)**။ သတင်းဖန်တီးသူတွေဘက်က မိမိတို့ရဲ့အကြောင်းအရာမှာ အေအိုင်ပါဝင်မှုကို ရိုးသားစွာချပြခြင်းနဲ့ သုံးစွဲသူတွေဘက်ကလည်း မိမိတို့ မြင်သမျှကို အေအိုင်စစ်ဆေးတဲ့ကိရိယာအသုံးပြုပြီး ကိုယ်တိုင် စိစစ်တတ်တဲ့ ယဉ်ကျေးမှုကိုတည်ဆောက်ခြင်း။

(ခ) **Layer 2 (နည်းပညာကုမ္ပဏီကြီးများအလွှာ)**။ Google၊ Microsoft၊ OpenAI၊ Meta စတဲ့ နည်းပညာကုမ္ပဏီကြီး တွေက အေအိုင်အသုံးပြုထားတဲ့အထောက်အထားမှန်သမျှ မှာ အလွယ်တကူဖျက်ပစ်လို့မရတဲ့ ကမ္ဘာလုံးဆိုင်ရာ အေအိုင် ရေစာစံနှုန်းတွေကို အလိုအလျောက်ထည့်သွင်းပေးခြင်း။

နည်းပညာဆိုင်ရာ လက်တွေ့ကွာဟချက်

ကျွန်တော်တို့လက်ခံရမယ့် အရှိတရားတစ်ခုက Google ရဲ့ SynthID လိုမျိုး မျက်စိနဲ့မမြင်နိုင်တဲ့ ရေစာတွေဟာ မည်မျှပင် အားကောင်းစေကာမူ မပြိုလဲနိုင်တဲ့ခံစစ်တော့မဟုတ်ပါ။ ဗီဒီယိုနဲ့ ဓာတ်ပုံတွေကို ဘောင်ဖြတ်တောက်ခြင်း၊ ပြန်လည်ကုဒ်သွင်းခြင်း ဒါမှမဟုတ် နည်းပညာဆိုင်ရာ တိုက်ခိုက်မှုတွေအောက်မှာ အေအိုင် ရေစာဟာ ပျက်စီးခြင်း သို့မဟုတ် ကျော်လွှားခြင်းခံရနိုင်ပါတယ်။

(က) **အသုံးပြုသူတွေဆီက ဆွဲထိန်းအား**

(၁) **ရိုးရှင်းအဆင့်ပြေမှု**။ ဖိုင်တစ်ခုကို Share လုပ်လိုက်ရုံ နဲ့ အေအိုင်ရေစာအဆင့်ကို တစ်ပါတည်းထောက်လှမ်း ဖော်ပြပေးတဲ့စနစ်မျိုးနဲ့ လူထုရဲ့ ဦးနှောက်အလေ့ အထ (Neuro-habit) ကို ဖန်တီးပေးခြင်း။

(၂) **ဂုဏ်သိက္ခာရမှတ်စနစ်**။ အချက်အလက်အမှန်တွေ ကိုသာ စိစစ်ဝေမျှတဲ့ သုံးစွဲသူတွေကို ပလက်ဖောင်း တွေက ယုံကြည်မှုရမှတ် (Reputation Score) တိုးမြှင့်ပေးတဲ့စနစ်တွေနဲ့ ဆွဲထိန်းခြင်း။

(ခ) **နည်းပညာကုမ္ပဏီကြီးတွေရဲ့ ဆွဲထိန်းအား**

(က) **အန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်း**။ အစိုးရတွေရဲ့ ပြင်းထန်တဲ့ ဥပဒေကြောင်းအရ ဖိအားတွေမလာမီ မိမိတို့ပလက်ဖောင်းပေါ်ရှိ အမျိုးသားလုံခြုံရေး၊ လူမှု စီးပွားလိမ်လည်မှုနဲ့ ရွေးကောက်ပွဲဆိုင်ရာ လုပ်ကြံ ဖန်တီးမှုတွေအပါအဝင် ဘေးထွက်ဆိုးကျိုးကြီးမား တဲ့ အေအိုင်သုံး အတုအယောင်ဖန်တီးမှုအားလုံးကို သဘောဆန္ဒအလျောက်ကြိုတင်ကာကွယ် ထိန်းချုပ် လိုခြင်း။

(ခ) **ကော်ပိုရိတ် ဂုဏ်သိက္ခာစီမံခန့်ခွဲမှု**။ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာတွေအရ ကုမ္ပဏီကြီးတွေရဲ့ ၈၂ ရာခိုင်နှုန်းကျော်ဟာ အေအိုင်သုံး အတုအယောင်ဖန်တီး မှုတွေကြောင့် အမှတ်တံဆိပ်နဲ့ လုပ်ငန်းဂုဏ်သိက္ခာ ထိခိုက်မှာစိုးရိမ်ကြပြီး ဒီစနစ်ကို ရေရှည်ခံစစ်အဖြစ် ဆက်လက်ဆွဲကိုင်ထားလိုခြင်း။

ကမ္ဘာလုံးဆိုင်ရာ မူဝါဒချခြင်းနှင့် စနစ်များ မည်ညွှတ်သေးခြင်း

အေအိုင်ရေစာဟာ သာမန်နည်းပညာဆိုင်ရာ လုပ်ဆောင်ချက် တစ်ခုမျှမဟုတ်တော့ဘဲ မူဝါဒရေးရာအရ မျှော်လင့်တောင်းဆိုလာတဲ့ အရာဖြစ်လာတယ်လို့ ဆိုနိုင်ပါတယ်။

စာမျက်နှာ ၁၇ သို့ ◆

◆ **စာမျက်နှာ ၁၆ မှ**

ဒါနဲ့စပ်လျဉ်းပြီး ကမ္ဘာတစ်ဝန်းမှာ ချဉ်းကပ်ပုံမတူညီကြဘဲ ထင်ရှားတဲ့ မိုဒယ်သုံးခုအောက်မှာ ပုံဖော်လျက်ရှိပါတယ်-

(က) **ဥရောပသမဂ္ဂ (EU AI Act – 2026)**။ စည်းမျဉ်းအခြေပြု မိုဒယ် (Regulation-driven model) ဖြစ်ပြီး AI-generated content တွေအတွက် မဖြစ်မနေ ထုတ်ဖော်ပြသဖို့ (Mandatory Disclosure) နဲ့ စက်ကဖတ်နိုင်တဲ့ ဒေတာနောက်ကွယ် (Machine-readable metadata) ပါဝင်ဖို့ တင်းကျပ်စွာ ဥပဒေပြဋ္ဌာန်းထားပါတယ်။

(ခ) **တရုတ်နိုင်ငံ**။ ထိန်းချုပ်မှုအခြေပြုမိုဒယ် (Control-driven model) ဖြစ်ပြီး သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ရေစာ (Visible Watermarking) ကို မဖြစ်မနေ သုံးစွဲရမှာဖြစ်ကာ အမှတ်အသားမပါတဲ့ AI Content တွေကို တရားမဝင်ဟု သတ်မှတ်ပါတယ်။

(ဂ) **အမေရိကန်နိုင်ငံ**။ ဈေးကွက်အခြေပြုမိုဒယ် (Market-driven model) ဖြစ်ပြီး တိကျတဲ့ စဉ်ဆက်မပြတ်သေးပေမယ့်လည်း ကုမ္ပဏီကြီးတွေရဲ့ သဘောဆန္ဒအလျောက် ကတိကဝတ်နဲ့ ဈေးကွက်ဦးဆောင်မှုအပေါ် အဓိက အားကိုးပါတယ်။

အဲဒီလိုမျိုး ကမ္ဘာလုံးဆိုင်ရာ မူဝါဒကွဲပြားခြားနားနေခြင်းဟာ စနစ်တွေ အပြန်အလှန် ချိတ်ဆက်အလုပ်လုပ်နိုင်မှုကို အားနည်းစေတဲ့ အဓိက အတားအဆီးဖြစ်နေပါတယ်။ အနာဂတ် ခစ်ဂျစ်တယ်သန့်ရှင်းရေးဟာ ဒီမိုဒယ်သုံးခုပေါင်းစပ်ထားတဲ့ Hybrid စနစ်တစ်ခုဆီသို့ ဦးတည်သွားဖွယ်ရှိနေပါတယ်။

မြန်မာနိုင်ငံအတွက် သင်ခန်းစာနှင့် ပကတိအခြေအနေ

ကမ္ဘာတစ်ဝန်းမှာ အေအိုင်ရေစာစနစ်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးပမ်းနေကြပေမယ့်လည်း သတင်းအချက်အလက် ပြန်လည်စီစစ်တဲ့ အလေ့အထအားနည်းပြီး ခစ်ဂျစ်တယ်သိနားလည်မှု မျှတမှုမရှိတဲ့ လူ့အဖွဲ့အစည်းမှာ ရှေ့မှာဖော်ပြခဲ့တဲ့ Rubber Band Model ရဲ့စိန်ခေါ်မှုက ပိုမိုကြီးမားပြီး သတိပြုစရာဖြစ်လာပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိပကတိအခြေအနေမှာ အောက်ပါအတိုင်း ထူးခြားတဲ့ စိန်ခေါ်မှုကြီး သုံးရပ် ရှိနေပါတယ်-

(က) **နည်းပညာနဲ့ အခြေခံအဆောက်အအုံ ကန့်သတ်ချက်**။ အင်တာနက်လိုင်းနှုန်း အားနည်းခြင်းနဲ့ ဒစ်ဂျစ်တယ် အသိပညာနည်းပါးခြင်း၊

(ခ) **ပလက်ဖောင်းများ ကွဲပြားခြားနားမှုနဲ့ စနစ်ရဲ့တွက်ချက်မှု စွမ်းအား ဗိန်ခေါ်ချက်**။ လူမှုကွန်ရက်တွေနဲ့ TikTok ကို အဆမတန် အသုံးများလာတာကြောင့် အေအိုင်သုံး အတုအယောင်ဗီဒီယိုတွေဟာ ပလက်ဖောင်းတစ်ခုမှ တစ်ခုသို့ အပြန်အလှန် လျင်မြန်စွာ ကူးစက်ပျံနှံ့လွယ်ကာ လူထုရဲ့ အပေါ်ယံအဖြင်နဲ့ ဆုံးဖြတ်တတ်တဲ့ အလေ့အထကို ပိုမိုဆိုးရွားစေခြင်း၊

(ဂ) **သိမြင်မှုဆိုင်ရာ လွဲမှားနိုင်ခြေအန္တရာယ်**။ အေအိုင်သုံးအတု အယောင်ဖန်တီးမှုဆိုင်ရာ အသိပညာပေးမှုအားနည်းခြင်းကြောင့် လူထုဟာ ဗီဒီယို သို့မဟုတ် ဓာတ်ပုံတွေမှာ အေအိုင်ရေစာပါဝင်မှုကို မြင်တွေ့ရရင် "ဒါက အတုကြီးပဲ" ဆိုပြီး လွဲမှားစွာယုတ္တိပြတ်ကောက်ချက်ချတတ်တဲ့ အန္တရာယ်ရှိခြင်း။

ဒါကြောင့် လူထုအတွက် အရေးကြီးဆုံးသော အသိပညာပေးမှုအချိုးအကွေ့က အေအိုင်ရေစာဆိုတာ "လိမ်လည်အတုအယောင်ဖြစ်ခြင်းရဲ့သက်သေမဟုတ်တဲ့ နည်းပညာကိုရိုးသားစွာအသုံးပြုထားကြောင်း ပြသတဲ့ လုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှု သက်သေသာဖြစ်တယ်" ဆိုတဲ့ အချက်ကို အခြေခံမှစပြီး နားလည်သဘောပေါက်စေဖို့ဖြစ်ပါတယ်။

လက်တွေ့ကျတဲ့ချဉ်းကပ်မှုအနေနဲ့ မြန်မာနိုင်ငံမှာ ဥပဒေနဲ့ အတင်းအကျပ်ထိန်းချုပ်ဖို့ ကြိုးပမ်းတာမျိုးထက် လူ့အဖွဲ့အစည်းရဲ့ အသိစိတ်ဓာတ်အခြေပြု ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေဖို့ ဆိုရင် အောက်ပါအတိုင်း အကြံပြုလိုပါတယ်-

(က) တရားဝင်ထုတ်ပြန်ချက်နဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ဖိုင်ရဲ့စစ်မှန်မှုနဲ့ မူလအစ ဆင်းသက်ရာလမ်းကြောင်းကို အာမခံနိုင်မယ့် ဒစ်ဂျစ်တယ်ဓာစ်ဖြစ်စဉ်နှုန်းတွေကို စတင် အသုံးပြုခြင်း၊

(ခ) လူငယ်တွေအကြားမှာ အေအိုင်စစ်ဆေးတဲ့ကိရိယာတွေကို လွယ်ကူစွာသုံးစွဲတတ်စေဖို့ လေ့ကျင့်ပေးခြင်း၊ မိဘတို့ကိုယ်တိုင် Content ဖန်တီးရာမှာလည်း 'မူရင်းအတိုင်း'၊ 'အေအိုင်ဖြင့် အဆင့်မြှင့်ထားသည်'၊ 'အေအိုင်ဖြင့် ဖန်တီးထားသည်' ဆိုတဲ့ စံနှုန်းသတ်မှတ်ချက်တွေကို ရိုးသားစွာချပြတတ်တဲ့ အလေ့အထ ယဉ်ကျေးမှုရှိစေဖို့အတွက် ပညာပေးခြင်း။

အနှစ်ချုပ်ရရင် ဥပဒေကြောင်းအရ အတင်းအကျပ်မဟုတ်ဘဲ မိမိသဘောဆန္ဒအလျောက် လုပ်ဆောင်တဲ့ ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုတွေက ဖြစ်နိုင်ခြေရှိပေမယ့်လည်း တစ်စိတ် တစ်ပိုင်းသာ အလုပ်ဖြစ်နိုင်ပါတယ်။ နည်းပညာကိုဈာန်ဆီးမယ့် ကျော်လွှားရေးကိရိယာတွေနဲ့ စနစ်တကျ လုပ်ကြသတင်းဖြန့်လိုတဲ့ အုပ်စုတွေက အမြဲရှိနေမှာကြောင့်ဖြစ်ပါတယ်။

ဒါပေမဲ့လည်း Rubber Band Model အရ လူထုစိတ်ပညာကို ဆွဲထိန်းထားနိုင်မယ့် ခိုင်မာတဲ့အလေ့အထဖြစ်စေမယ့် စနစ်တွေနဲ့ စိစစ်မှုမက်လုံးတွေကို တည်ဆောက်နိုင်ရင် နည်းပညာကုမ္ပဏီကြီးတွေနဲ့ လူထုရဲ့ပူးပေါင်းဆောင်ရွက်မှုဟာ အေအိုင်ခေတ်ရဲ့ သတင်းအမှောင်ထုကြားမှာ အမှန်တရားကို ကာကွယ်ပေးမယ့် အင်အား အကောင်းဆုံး ကာကွယ်ရေးတံတိုင်း ဖြစ်လာပါလိမ့်မယ်။

နိဂုံးချုပ်အားဖြင့် အမေရိကန်အစိုးရရဲ့ လျှို့ဝှက်မှတ်တမ်းများ သတင်းထုတ်ပြန်မှုဖြစ်စဉ်မှတစ်ဆင့် "အေအိုင်သုံး အတုအယောင် ဖန်တီးမှုတွေ လွှမ်းမိုးလာတဲ့ခေတ်မှာ အမှန်တရားဟာ ယုံကြည်မှု သက်သက် သို့မဟုတ် အစိုးရက ထုတ်ပြန်ရုံမျှဖြင့် မရှင်သန်နိုင်တော့ပါ"ဆိုတဲ့ တန်ဖိုးရှိလှတဲ့သင်ခန်းစာကို ရယူနိုင်ခဲ့ပါတယ်။ ယင်း အတွက် စနစ် ဗိသုကာ တည်ဆောက်စဉ်ကတည်းက နည်းပညာအရ အတည်ပြုစိစစ်နိုင်စွမ်းရှိရမယ့်အပြင် လူထုရဲ့ နေ့စဉ်အလေ့အထနဲ့ လည်း အစဉ်တစိုက် ထိန်းကျောင်းစောင့်ရှောက်ထားရမှာဖြစ်ပါတယ်။

သတင်းအချက်အလက် ခိုင်မာမှုအတွက် ယုံကြည်မှုသက်သက်ဖြင့် မလုံလောက်ခြင်း၊ နည်းပညာသက်သက်ဖြင့် မပြည့်စုံခြင်း၊ အသိပညာပေးမှုသက်သက်ဖြင့် မခိုင်မာခြင်းဆိုတဲ့ အသိတရားတွေကိုနားလည်ပြီး အဲဒီအရာအားလုံး ပေါင်းစပ်ထားတဲ့ ဂေဟစနစ်သစ်တစ်ခုကို တည်ဆောက်နိုင်ခြင်းကသာ ကျွန်တော်တို့ရဲ့အနာဂတ် လူ့အဖွဲ့အစည်းနဲ့ အမှန်တရားကို ကာကွယ်ပေးနိုင်မယ့် နောက်ဆုံး ခံစစ်စည်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။



ဧယျာသီရိမြို့နယ်အတွင်း ကျေးလက်ဒေသအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့က ဧယျာသီရိမြို့နယ်အတွင်းရှိ ကျေးလက်ဒေသအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်ကျေးရွာသို့ ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်စိုးပပ၊ အတွင်းရေးမှူး ဒေါ်သင်းသင်းခိုင်နှင့်အဖွဲ့ဝင်များသည် ဝကံစုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာနေ အမျိုးသမီးဆယ်အိမ်စုမှူးများနှင့် တွေ့ဆုံခဲ့ရာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တာဝန်ရှိသူများက အမျိုးသမီးဆယ်အိမ်စုမှူးများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စီမံချက်ကျေးရွာအတွင်း အိမ်တွင်း၊ အိမ်ပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် မိုးရာသီကာလအတွင်း ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဧယျာမြေ)

ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်

မော်လမြိုင် မေ ၃၁

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော ဥပဒေအရာရှိများအတွက် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော ဥပဒေအရာရှိများအား ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ မေးမြန်းခြင်းကို မွန်ပြည်နယ်ဥပဒေချုပ်ရုံး၊ မွန်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးရှိ ဥပဒေအရာရှိများအား သက်ဆိုင်ရာကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့များက မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)





မျိုးစပါးနှင့် သဘာဝမြေဩဇာများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် သမဝါယမဦးစီးဌာနက တောင်သူများအား မျိုးစပါးနှင့် သဘာဝမြေဩဇာများပေးအပ်ခြင်းကို ယနေ့တွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီမြလှိုင်က မျိုးစပါးနှင့် သဘာဝမြေဩဇာပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အသင်းရှစ်သင်း၊ အသင်းသား ၁၅၆ ဦးအတွက် မျိုးစပါးနှင့် သဘာဝမြေဩဇာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့တွင် အမှတ် (၉၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

စကားဝိုင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်လတ်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ခိုင်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေဖိုးမိုးရေးလုပ်ငန်းများကို ပြည်သူများနှင့်လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ထွန်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက မြို့နယ်အတွင်း လိုအပ်ချက်များတင်ပြရာ လွတ်တော်ကိုယ်စားလှယ်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လွတ်တော်တွင် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား ဗုန်စ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၂၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် မေ ၃၁

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများကိုအသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် လေးထပ် လူနေအဆောက်အအုံ သုံးလုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်၊ ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဖြင့် အဆောက်အအုံ အမျိုးအစား အလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံး အနက် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၂၁ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

တက်ကြွစွာ ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံ အတွင်း လုံးဝအခြေမပြုနိုင်ရေး အတွက် ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။







ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

ကျောက်မဲမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

ကျောက်မဲ မေ ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် နမ့်ဟူးတောင်းကျေးရွာရှိ တရုတ်ရိုးရာသုံး စက္ကူထုတ်လုပ်သည့် စက္ကူစက်ရုံများသို့ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိန်မောင်ဌေးနှင့်အတူ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့က နမ့်ဟူးတောင်းကျေးရွာ ခန်းမ၌ ဒေသခံစက္ကူလုပ်ငန်းရှင် ၂၀ နှင့်တွေ့ဆုံကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

ထို့နောက် ပူးပေါင်းစစ်ဆေးရေး အဖွဲ့သည် နမ့်ဟူးတောင်းကျေးရွာရှိ စက္ကူစက်ရုံ ခြောက်ရုံသို့ ကွင်းဆင်းစစ်ဆေးပြီး မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးခိုး မြူငွေ့လျော့ချရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မင်းဘူး(စကု)မြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

မင်းဘူး မေ ၃၁

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ "ကျေးလက်ဒေသ ဖွံ့ဖြိုးရေး"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ (Public Talk) ကို မေ ၃၀ ရက်က မောင်းမကန်ကျေးရွာရှိရွာလယ်မမွာရုံ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က အမှာစကား ပြောကြားပြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမောင် မောင်ကျော်က ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရခြင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ဒေသခံပြည်သူများ၏ သိရှိလိုသော မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



✪ MNLမှ

သွင်းယူပြီး အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၅ မိနစ်တွင် စစ်ငြိမ်းချမ်းဦး၊ ၄၇ မိနစ်တွင် ဇေယျဦး၊ ၅၉ မိနစ်တွင် ကောင်းခန့်အောင်တို့က သွင်းယူသည်။ တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ် (၂) အပြီးတွင် Galaxy အသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်၊ အား/ကာသိပ္ပံ၊ စစ်ကိုင်းယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီယူနိုက်တက်နှင့် မြဝတီအသင်းက သုံးမှတ်စီ၊ Falcon အသင်းက နှစ်မှတ်၊ ရတနာပုံ၊ ရန်ကုန်စီးတီးနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့က တစ်မှတ်စီရရှိထားကာ Chinland နှင့် ဇေဂျဝတီယူနိုက်တက်အသင်းမှာမူ နှစ်ပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။ သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL

အိုဘယ့် မိခင် ဧရာဝတီ (၄)

တယော (ရေသယ်ဇာတ)

ငလျင်အကြောင်း ပြောဆိုဆွေးနွေးကြမည်ဆိုလျှင် စကားပိုင်းများတွင် မပါမဖြစ်နေရာယူနေသော နိုင်ငံတစ်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပါသည်။ ဂျပန်ကဲ့သို့ ငလျင်လှုပ်ခတ်မှုများပြားသောနိုင်ငံတွင် တမဲကြီးများတည်ဆောက်မှု အောင်မြင်ပါသလား၊ မည်ကဲ့သို့သောတမံများ တည်ဆောက်နေသနည်း၊ မည်သို့သော ရည်ရွယ်ချက်များဖြင့် တည်ဆောက်အကောင်အထည်ဖော်ခဲ့သနည်း၊ သဘာဝဘေးဒဏ်ခံစားခဲ့ရမှုအခြေအနေများကို သိရှိလိုစိတ်များ ဖြစ်ပေါ်လာပါသည်။

ဂျပန်ငလျင်ပေါ်မှ ကူရိုဘေးတမံ

ဂျပန်နိုင်ငံတွင် ၁၅ မိတ္တာအထက် အမြင့်ရှိသော တမံများမှာ စုစုပေါင်း ၂၈၀၀ မှ ၃၀၀၀ ခန့်အထိ ရှိပြီး ရေလှောင်ကန်အသေးစားများ၊ ရေလွှဲဆည်များပါ ထည့်သွင်းမည်ဆိုပါက ၁၀၀၀၀၀ ခန့် ရှိနိုင်သည်ဟု ဆိုထားပါသည်။ ထိုတမံကြီးများအထဲမှ ကူရိုဘေးတမံ (Kurobe Dam) သည် ဂျပန်နိုင်ငံ၏ အရေးပါဆုံး အင်ဂျင်နီယာအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လေ့လာချင်စိတ် ပို့ဖြစ်မိပါသည်။

ကူရိုဘေးတမံသည် ရေအားလျှပ်စစ်ကို အဓိကထုတ်လုပ်သုံးစွဲရန်ရည်ရွယ်၍ ဂျပန်နိုင်ငံ တိုယားမားခရိုင် တက်တီယားမားတောင်တန်းဒေသရှိ ကူရိုဘေးမြစ်ပေါ်တွင် အမြင့် ၁၈၆ မီတာရှိ ကွန်ကရစ်တမံ အမျိုးအစားနှင့် စက်တပ်ဆင်အင်အား ၃၃၅ မဂ္ဂါဝပ်ထွက်ရှိမည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၁၉၆၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ဂျပန်နိုင်ငံသည် Pacific Ring of Fire အတွင်းတည်ရှိပြီး ပြတ်ရွေ့ကြောများ ထိတွေ့ရာဒေသဖြစ်၍ ကမ္ဘာပေါ်တွင် ငလျင်အများဆုံး ဖြစ်ပွားသောနိုင်ငံများထဲမှ တစ်ခုဖြစ်ပါသည်။

ကူရိုဘေးတမံတည်ရှိရာ ဒေသသည်လည်း မကြာခဏ လှုပ်ရှားတတ်သည့် ပြတ်ရွေ့ရှိသော ဒေသဖြစ်သည့်အတွက် ကူရိုဘေးတမံကို ငလျင်ဒဏ်ခံနိုင်ရေး အထူးအလေးထားပြီး ဒီဇိုင်းလုပ်ထားခဲ့ကြပါသည်။ တမံကြီးတည်ဆောက်ရခြင်းမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျပန်နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် မြင့်တက်လာခြင်းနှင့် ကန်နိုင်း၊ အိုဆာကာအနီးဒေသသို့ လျှပ်စစ်ပေးရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရန်၊ တောင်တန်းဒေသ ရေအရင်းအမြစ် အသုံးချရေးတို့အတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

ကူရိုဘေးမြစ်သည် မြင့်မားသောတောင်တန်းများမှ စီးဆင်းလာ၍ ရေစီးအားကောင်းသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန် အလွန်သင့်တော်ပါသည်။ မြစ်ကြောင်းကျဉ်းမြောင်းပြီး ကျောက်သားခိုင်မာသောဒေသတွင်တည်ရှိ၍ ရေဖိအားကို တမံအနားဘက် ကျောက်တောင်များသို့ လွှဲပြောင်းပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ကွန်ကရစ် Arch Dam အမျိုးအစားကို ရွေးချယ်ခဲ့ပါသည်။ ကွန်ကရစ် Arch Dam များသည် Structural stiffness မြင့်မားပြီး Ground shaking ကို တမံတစ်ခုလုံး ပျံ့နှံ့စွာ ခံနိုင်ရည်ရှိပါသည်။ ဆောက်လုပ်ရေးကာလတွင် တောင်တန်းဒေသဖြစ်သည့်အလျောက် လမ်းပန်း ဆက်သွယ်ရေးအခက်အခဲများရှိခဲ့ပြီး တောင်တန်းကို ဥမင်လိုဏ်ခေါင်းများဖောက်၍ ဆောက်လုပ်ရေး ပစ္စည်းများ သယ်ယူပို့ဆောင်ခဲ့ရပါသည်။ ဂျပန်နိုင်ငံ၏ တမံတည်ဆောက်ရေးသမိုင်းတွင် အခက်အခဲ အများဆုံးစီမံကိန်းများထဲမှ တစ်ခုဖြစ်ခဲ့သည်။

တမံတည်ဆောက်ရေးသည် ၁၉၆၃ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ငလျင်ဒဏ်ကို ၁၉၆၄ ခုနှစ်တွင် စတင် ခံစားခဲ့ရသည်။ သမိုင်းတစ်လျှောက် ပြင်းထန်ကြီးမားသောငလျင်များ ခံစားကြုံတွေ့ခဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ နိဂတာငလျင်၊ ၁၉၉၅ ခုနှစ်တွင် ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ကိုဘေးငလျင်၊ ၂၀၁၁ ခုနှစ်တွင် ပြင်းအား ၉ ဒသမ ဝ အဆင့်ရှိ တိုဟိုကုငလျင်စသော အကြီးစားငလျင်များအတွင်း ကူရိုဘေးတမံကြီး၏ အရေးကြီးသော ဖွဲ့စည်းပုံပျက်စီးမှုဖြစ်ပွားခဲ့ခြင်းမရှိခဲ့ကြောင်း သိရှိရပါသည်။ အခြားသောသဘာဝဘေးအန္တရာယ်ဖြစ်သည့် မိုးရွာသွန်းမှုများသော်လည်း ရေပို့လွှဲစနစ် ကောင်းစွာဒီဇိုင်းပြုလုပ်ထားသဖြင့် တမံကို ဘေးအန္တရာယ်ကင်းဝေးစေခဲ့သလို မြေပြို၊ မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ကို လျော့ပါးစေနိုင်ခဲ့သည်။

ဂျပန်နိုင်ငံ၏ အရေးပါဆုံးသော အင်ဂျင်နီယာအမွေအနှစ်တစ်ခုဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်သည့် ကူရိုဘေးတမံသည် သဘာဝဘေးဒဏ်အမျိုးမျိုးကို ကြံ့ကြံ့ခံလျက်ရှိပြီး ယနေ့အထိ နှစ်ပေါင်း ၆၀ ကျော်ကြာ ပုံမှန်လည်ပတ်နေဆဲဖြစ်ကာ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းအပြင် ခရီးသွားအပန်းဖြေနေရာတစ်ခုအဖြစ်လည်း အကျိုးပြုလျက်ရှိနေပါသည်။ ကမ္ဘာတမံအင်ဂျင်နီယာများအတွက် ကူရိုဘေးတမံ၏ အရေးပါမှုအနေဖြင့် ငလျင်များသော ဒေသတွင်း အမြင့်တမံကြီးများ ဆောက်လုပ်နိုင်ကြောင်း ပြသခဲ့ပြီး ငလျင်ဒဏ်ခံ တမံဒီဇိုင်းအတွက် ကမ္ဘာ့စံနမူနာတစ်ခုအဖြစ် အခိုင်အမာ ရပ်တည်နေပါသည်။

ထိုအပြင် ကူရိုဘေးတမံသည် ဂျပန်ကဲ့သို့ ငလျင်များသောနိုင်ငံတွင် နည်းပညာမြင့် Arch Dam ကို အလွန်ခက်ခဲသော တောင်တန်းဒေသတွင် ဆောက်လုပ်နိုင်ခဲ့သည့်အတွက် ကမ္ဘာတမံအင်ဂျင်နီယာလောကဏ္ဍ၏ အောင်မြင်မှုကြီးတစ်ခုဖြစ်သည်။

ဤကူရိုဘေးတမံကို စံနမူနာကောင်းပြုလျက် မိမိတို့နိုင်ငံအတွက်လည်း အကောင်အထည်ဖော်တည်ဆောက်ရန်ပြင်ဆင်နေသည့် မြစ်ဆုံစီမံကိန်းသည် စစ်ကိုင်းပြတ်ရွေ့ကြောနှင့် ၂၅ ဒသမ ၄ ကီလိုမီတာ၊ မိုင်အားဖြင့် ၁၅ ဒသမ ၈၈ မိုင်ခန့် အကွာတွင် တည်ရှိနေသည်။ ငလျင်လှုပ်ခတ်နိုင်ခြေရှိသော အချိန်၊ တည်နေရာ၊ ပြင်းအား၊ ဗဟိုချက်တို့ကို တိကျစွာခန့်မှန်း၍မရသော်လည်း တာ၊ တမံဆိုင်ရာ ဆက်စပ်အဆောက်အအုံများ၏ ဒီဇိုင်းပုံစံများတွက်ချက်ရာတွင် တည်နေရာအပေါ်မူတည်၍ ငလျင်ပြင်းအားပမာဏများကို တိကျစွာထည့်သွင်းတွက်ချက်ထားပါက ငလျင်ဒဏ်ခံနိုင်သောဒီဇိုင်းများဖြင့် တည်ဆောက်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး အဆိုပါငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ စစ်ကိုင်းပြတ်ရွေ့ကြောမှ ၃၀ ဒသမ ၉ မီတာ အနီးတွင်တည်ရှိပြီး ငလျင်ပြင်းအား ၆ မဂ္ဂနီကျူခံနိုင်ရည်ရှိသော မြေသားတမံအမျိုးအစားဖြစ်သည့် ဇောင်းတူတမံနှင့် စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် တည်ဆောက်ထားပြီး ငလျင်ပြင်းအား ၇ ဒသမ ၉ မဂ္ဂနီကျူခံနိုင်ရည်ရှိသော ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်သည့် ဖြူးမြို့အနီးရှိ ကွန်းရေလောင်း တမံတို့သည် ချို့ယွင်းမှုတစ်စုံတစ်ရာ မရှိခဲ့သည်မှာ အများအမြင်ဖြစ်ပါသည်။

ထိုအပြင် မြန်မာနိုင်ငံ၏ အကြီးဆုံးသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်သည့် ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်ငယ်မြစ်ပေါ်တွင်တည်ရှိပြီး အမြင့် ၁၃၄ မီတာ၊ အလျားမီတာ ၆၉၀ ရှိသော ကွန်ကရစ်တမံကြီး သည်လည်း ယနေ့ထက်တိုင် အပျက်အစီးမရှိ နိုင်ငံတော်ကို အကျိုးပြုနေဆဲဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် လူအများစု၏ ငလျင်ဘေး ကောင်းမွန်ခြင်းတို့ကြောင့် တမံကြီးများသည် ငလျင်ဒဏ်ကို ကောင်းမွန်လုံခြုံစွာ ခံနိုင်ရည်ရှိပါသည်။

ဧရာဝတီမြစ်၏ နုန်းတင်ပို့မှုအခြေအနေနှင့် မြစ်ကြောင်းပြောင်းလဲလာမှု

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်ပြီး မြန်မာနိုင်ငံ မြောက်ဖျားပိုင်းရှိ ဟိမဝန္တာရေခဲတောင်များမှ မြစ်ဖျားခံလာသော မေခြစ်နှင့် မလိခမြစ်တို့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးတွင်ပေါင်းဆုံ၍ နိုင်ငံ၏ မြောက်မှ တောင်သို့ ဖြတ်သန်းစီးဆင်းကာ အိန္ဒိယသမုဒ္ဒရာ အတွင်းသို့ စီးဝင်ပါသည်။ မြစ်ကြီး၏အလျားမှာ ၁၃၇၅ မိုင်အရှည်ရှိပြီး ရေကြောင်းသွားလာနိုင်သည့် အလျားမှာ မိုင် ၉၅၀ ကျော်ခန့်ရှိပါသည်။ မြစ်ရေစီးဆင်းမှုပမာဏသည် နှစ်စဉ် ပျမ်းမျှအားဖြင့် ကုဗမီတာ သန်း ၈၆၀၀၀၀ ခန့်ရှိပါသည်။ မိုးရွာသွန်းမှုအနေဖြင့် မိုးရေချိန် လက်မ ၄၀ မှ ၁၅၈ အထိ ရွာသွန်းလေ့ရှိပြီး ဇွန်၊ ဇူလိုင် နှင့် သြဂုတ်လတို့သည် မိုးရွာသွန်းမှုများပြားသောကာလဖြစ်ပါသည်။

နှစ်စဉ် မြစ်ရေစီးဆင်းမှုအခြေအနေမှာ ရာသီဥတု၊ မိုးလေဝသနှင့် ဧလဇေဒအခြေအနေပေါ်မူတည်ပြောင်းလဲတတ်ပါသည်။ မြစ်ကြမ်းပြင် လျှောစောက်မှာ မြစ်ဆုံအထက်ပိုင်းဒေသသည် ပိုမိုမတ်စောက်ပြီး ထိုနေရာမှစ၍ ဟင်္သာတမြို့အထိ မြစ်ကြမ်းပြင်လျှောစောက်မှာ ပြေပြစ်ပါသည်။

မြစ်ကြမ်းပြင်၏ ရေစီးပြောင်းလဲမှုကြောင့် သဲ၊ နုန်းနှင့် မြေများကို များစွာသယ်ဆောင်သည့် မြစ်ကြီးလည်းဖြစ်သည်။ မြစ်ကြီး၏သဲနုန်းတင်ပို့မှုတွင် ပါဝင်သယ်ဆောင်သော သဲနုန်းအမျိုးအစားများကို အဓိကအားဖြင့် သုံးမျိုး ခွဲခြားနိုင်သည်။ ပထမတစ်မျိုးမှာ Bed load ဟုခေါ်သော မြစ်ကြမ်းပြင်အောက်ခြေတွင် လိမ့်၊ လျောချ၍ သယ်ဆောင်လာသည့် သဲနုန်းကြီးများသည် မြစ်ကောမှုကို အဓိကဖြစ်စေပါသည်။ ဒုတိယတစ်မျိုးမှာ Suspended load ဟုခေါ်သော မြစ်ရေအတွင်း ပျံ့နှံ့ သယ်ဆောင်လာသည့် သဲ၊ ရွှံ့နှင့် နုန်းများဖြစ်ပြီး ၎င်းတို့သည် မြစ်ဝကျွန်း၊ မြေနကျွန်းများ ဖန်တီးဖြစ်ပေါ်တည်ဆောက်ရာတွင် အရေးပါပါသည်။

တတိယတစ်မျိုးမှာ Wash load ဟုခေါ်သော အလွန်သေးငယ်ပြီး အလွယ်တကူ သယ်ဆောင်နိုင်သည့် သဲ၊ နုန်းများ ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝှမ်းသည် ဧရိယာ ၁၆၁၆၀၉ စတုရန်းမိုင်ခန့်ရှိပြီး မြန်မာနိုင်ငံရှိ လူဦးရေ၏ ၄၁ ရာခိုင်နှုန်းခန့်ကို အကျိုးပြုလျက်ရှိပါသည်။ ထို့အပြင် ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးတို့အတွက် အရေးပါသော ပင်မမြစ်ကြီးတစ်စင်းဖြစ်သဖြင့် မြစ်ကြီး၏ ဝဲ၊ ယာ မြစ်ရိုးတစ်လျှောက် မြေနှိမ့်လွင်ပြင်များ၌ မြို့နှင့် ကျေးရွာများတည်ရှိပါသည်။

ဧရာဝတီမြစ်ကြီး၏ ဝဲ၊ ယာမြစ်ကမ်းပါးများကို လုံလောက်စွာ ကာကွယ်ထားနိုင်မှုမရှိခြင်းကြောင့် နှစ်စဉ် ကမ်းပါးပြိုမှုဖြစ်ပွားခြင်း၊ ရေဝေရေလဲဒေသများ၌ သစ်တောဖုံးလွှမ်းမှု လျော့နည်းလာခြင်း၊ မြေအသုံးချမှုပြောင်းလဲလာခြင်း၊ တရားမဝင် ရွှေကျင်းခြင်း၊ ကျောက်မျက်နှင့် ဓာတ်သတ္တုတူးဖော်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်အတွင်းသဲတူးဖော်မှု မညီမညာဖြစ်ခြင်း၊ မြစ်ကြောင်းကမ်းပါးထိန်းသိမ်းသည့် River training structure များ မရှိခြင်း၊ ရေစီးနှုန်း လျော့နည်းခြင်း၊ မြစ်ကြောင်းအောက်ပိုင်းဒေသတွင် လျှောစောက်နည်းလာခြင်း၊ ရေစီးအားမလုံလောက်သောကြောင့် သဲနုန်းတင်ကျန်လာခြင်း စသည်တို့ကြောင့် မိုးရာသီ မိုးများသောကာလများတွင် နှစ်စဉ် သဲနုန်းဝင်ရောက်မှုမှာ တန် ၃၆၄ သန်းအထက်ရှိသည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်းကို Pub-Med Central တွင် ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်၌ ရေးသားခဲ့သည့် အစီရင်ခံစာနှင့် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ICEM Asia က ၂၀၁၈ ခုနှစ် မတ်လ၌ ရေးသားခဲ့သည့် Final ESIA Report with ESMP Subproject 1, ESA for Stretch 1, and ESMP Monitoring and Reporting during Construction of Subproject 1 အရ သိရှိရပါသည်။

ရေစီးနှုန်းလျော့မှုကြောင့် သဲနုန်းတင်ကျန်မှုများပြားလာနိုင်ပါသည်။ သဲနုန်းတင်ပို့မှုက ရေစီးအားနှင့် တိုက်ရိုက်ဆက်နွှယ်နေသည်ဟု ပြောနိုင်ပါသည်။ မြစ်ကောလာမှုအခြေအနေကြောင့် မြစ်ကြောင်းပိုမိုကျယ်ပြန့်လာခြင်း၊ မြစ်ရေစီးဆင်းမှုများပြားသောကာလများတွင် မြစ်ကမ်းပါးများ တိုက်စားခံရခြင်း၊ သဲသောင်ခုံများနှင့် ရေလယ်ကျွန်းများ တိုးပွားလာခြင်း၊ ကမ်းတစ်ဖက်တွင် ကမ်းပါးပြိုကျမှုများပြားလာပြီး အခြားတစ်ဖက်တွင် သဲနုန်းတင်ပို့မှုများပြားလာခြင်း၊ ရေကြီးရေလျှံ ပိုမိုများပြားလာခြင်း၊ မြစ်ကြမ်းပြင်မြင့်တက်လာခြင်း၊ ရေလွှမ်းအမှတ်မြင့်တက်လာခြင်းနှင့် ရေကြောင်းသွားလာရေးလမ်းကြောင်းခက်ခဲလာခြင်းတို့ ကြုံတွေ့နေရပါသည်။ ထို့အပြင် မြစ်အောက်ပိုင်းဒေသ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် သဲနုန်းများ အလွန်အကျွံတင်ပို့မှုကြောင့် မြစ်ခွဲ၊ မြစ်လက်တက်များ ပိတ်ဆို့ခြင်း၊ ရေလွှမ်းမိုးမှုအချိန်ကာလ ပိုမိုကြာမြင့်လာခြင်းတို့ ဖြစ်ပေါ်နေပါသည်။

အထက်ဖော်ပြပါပြဿနာများကို ဖြေရှင်းနိုင်သော နည်းလမ်းများမှာ ရေဝေရေလဲဧရိယာများတွင် သစ်တောပြန်လည်ထူထောင်ခြင်း၊ သဲနုန်းဖမ်း တမံငယ်များ တည်ဆောက်ခြင်း၊ မြစ်ကမ်းပါးများထိန်းသိမ်းခြင်း၊ မြစ်ကြောင်းအတွင်း သင်္ဘောကြီးများ သွားလာနိုင်ရေးအတွက် လိုအပ်သော ရေစုံးအမှတ်ရရှိရန် ထိန်းသိမ်းခြင်း၊ သတ်မှတ်ချက်နှင့်အညီ သဲတူးဖော်ခြင်း၊ ရေလမ်းကြောင်းထိန်းခြင်း၊ ထို့အပြင် အနိမ့်တမံများဖြစ်သော wein barrage များကို Sediment flushing gates ထည့်သွင်းတည်ဆောက်ခြင်း၊ မြစ်ဝှမ်းပေါ်ရှိတမံကြီးများမှ သက်စောင့်ရေထုတ်လွှတ်ပေးခြင်းဖြင့် ပင်လယ်ဆားငန်ရောင်ရောက်မှုကာကွယ်ရန်နှင့် သဲနုန်းသယ်ဆောင်နိုင်ရန် flow regime ကိုစီမံခြင်း စသည်ဖြင့် အဆိုပါနည်းလမ်းအားလုံးကို ပေါင်းစပ်စီမံပြီး စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ ကြည့်ရှုစစ်ဆေးခြင်းဖြင့် ဧရာဝတီမြစ်ကြီးကို ထိန်းသိမ်းရပေမည်။ ။

အကောင်အထည်ဖော် တည်ဆောက်ရန်ပြင်ဆင်နေသည့် မြစ်ဆုံစီမံကိန်းသည် စစ်ကိုင်းပြတ်ရွေ့ကြောနှင့် ၂၅ ဒသမ ၄ ကီလိုမီတာ၊ မိုင်အားဖြင့် ၁၅ ဒသမ ၈၈ မိုင်ခန့်အကွာတွင် တည်ရှိနေသည်။ ငလျင်လှုပ်ခတ်နိုင်ခြေရှိသော အချိန်၊ တည်နေရာ၊ ပြင်းအား၊ ဗဟိုချက်တို့ကို တိကျစွာခန့်မှန်း၍မရသော်လည်း တာ၊ တမံဆိုင်ရာ ဆက်စပ်အဆောက်အအုံများ၏ ဒီဇိုင်းပုံစံများတွက်ချက်ရာတွင် တည်နေရာအပေါ်မူတည်၍ ငလျင်ပြင်းအားပမာဏများကို တိကျစွာထည့်သွင်းတွက်ချက်ထားပါက ငလျင်ဒဏ်ခံနိုင်သောဒီဇိုင်းများဖြင့် တည်ဆောက်နိုင်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ကြေးမုံစာတည်းအဖွဲ့ ဖော်ပြပေးလျက်ရှိပါသည်။

A Basic Spoken English Course

ယခင်တစ်ပတ်က **Lesson 4: Introducing Other People** (အခြားသူများကို မိတ်ဆက်ပေးခြင်း) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မိတ်ဆက်ခြင်းနဲ့ပတ်သက်တဲ့ လေ့ကျင်းခန်းတွေကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

(ယခင်တစ်ပတ်မှအဆက်)

မိတ်ဆက်ပေးတဲ့အခါ လိုက်နာရမည့်အချက်များ

- တစ်ယောက်ယောက်ကို မိတ်ဆက်ပေးတဲ့အခါ ပြုံးပြပါ။
- “တွေ့ရတာဝမ်းသာပါတယ်” လို့ ယဉ်ကျေးစွာ ပြောပါ။
- လူ၏အမည်ကို ရှင်းရှင်းလင်းလင်း ပြောပါ။
- ရိုးရှင်းတဲ့ အချက်အလက်တွေကို ပေးပါ။
- ယဉ်ကျေးစွာ မျက်လုံးချင်းဆုံပါ။

မိတ်ဆက်ပေးတဲ့အခါ ရှောင်ကြဉ်ရမည့်အချက်များ

- မိတ်ဆက်ပေးတဲ့အခါ “He” သို့မဟုတ် “She” မသုံးရပါ။
- စကား မြန်မြန် မပြောရပါ။
- ပြန်ပြီး နှုတ်ဆက်ဖို့ မမေ့ပါနဲ့။
- ရိုင်းစိုင်းတဲ့အသုံးအနှုန်းကို မသုံးရပါ။
- အိမ်ထောင်ရေးအခြေအနေ၊ ဝင်ငွေ၊ လစာ၊ အသက် စတဲ့ ကိုယ်ရေးကိုယ်တာမေးခွန်းတွေ မမေးရပါ။

Exercise 1: Fill in the blanks.

1. This ___ my sister, Hnin Hnin.
2. He ___ my friend.
3. ___ you met Ko Ko?
4. She is ___ teacher.
5. This is ___ classmate.
6. Please _____ my cousin, Su Su.
7. May I introduce my friend _____ you?
8. She is my classmate _____ Grade 7.

Exercise 2: Match the sentences.

A	B
1. This is my friend.	a. Nice to meet you.
2. Have you met Aye Aye?	b. Her name is Su Su.
3. She is my teacher.	c. No, I haven't.

Exercise 3: Choose the correct word.

1. This is my (friend / friends).
2. He (am / is) my brother.
3. Nice to (meet / meeting) you.
4. She is (I / my) teacher.
5. Have you (meet / met) Ko Ko?

Exercise 4: Rearrange the words.

1. is / this / my / friend

_____.

2. met / have / you / Su Su

_____.

3. teacher / she / my / is

_____.

4. meet / nice / you / to

_____.

5. brother / he / my / is

_____.

6. introduce / I'd / cousin / to / like / my / you / to

_____.

7. May / friend / introduce / I / my / ?

_____.

Speaking Practice

Practice introducing people:

1. Introduce your friend to your teacher. (သူငယ်ချင်းကို ဆရာမနဲ့ မိတ်ဆက်ပေးပါ။)

- Name – Aung Aung
- Age – 13 years old
- Class – Grade 7
- Hobby – Playing football
- Personality – Friendly and hardworking

Teacher, May I introduce my friend, Aung Aung? _____

_____

_____

_____

_____

2. Introduce your brother to your classmate. (အစ်ကိုကို အတန်းဖော်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးပါ။)

- Name – Ko Min
- Age – 20 years old
- Occupation – University student
- Hobby – Reading books
- Skill – Playing the guitar

I'd like you to meet my brother. This is …….

_____

_____

_____

3. Introduce your cousin to your neighbour. (ဝမ်းကွဲညီမကို အိမ်နီးချင်းသူငယ်ချင်းနဲ့ မိတ်ဆက်ပေးပါ။)

- Name – Su Su
- Age – 15 years old
- Hometown – Mandalay
- Hobby – Drawing pictures
- Personality – Cheerful and polite

May I introduce my cousin?

_____

_____

_____

Writing Exercise

(1) Write about your friend.

- name: _____
- age: _____
- hobby: _____
- personality: _____

Example:

This is my friend, _____. He/She is _____ years old. ____

_____

_____

_____

(2) Write about one family member (brother/sister/parent).

- name: _____
- job: _____
- personality: _____
- hobby: _____

Example:

This is my _____, _____. He/She is very _____.

(3) Write about your teacher.

- name: _____
- subject: _____
- personality: _____
- teaching style: _____

Example:

This is my teacher, _____. He/She teaches _____.

(4) Write about a classmate.

- name: _____
- behavior: _____
- hobby: _____
- where they live: _____

Example :

This is my classmate, _____. He/She is very _____.

(5) Write a short introduction dialogue.

Include:

- greeting
- introduction
- response (Nice to meet you)
- extra information

Example:

A: Hello! This is my friend, _____.

B: Nice to meet you, _____.

(6) Write about your neighbour.

- name: _____
- job: _____
- personality: _____
- how they help others: _____

Example:

This is my neighbour, _____. He/She is very _____.

(7) Introduce two people you know.

- person 1: _____
- person 2: _____
- relationship: _____
- one extra fact for each

Example:

This is my friend, _____. He/She _____.

This is my cousin, _____. He/She _____.

Quick Speaking Challenge

Say the introduction in **30 seconds**:

- Introduce your friend
- Introduce your brother
- Introduce your cousin

Use this structure:

- This is my _____.
- He/She is _____.
- He/She likes _____.
- He/She is _____.

Conversations

(A)Complete the conversation with the words given.

Exercise (1)

meet to too this

Student: Good morning, teacher.

Teacher: Good morning.

Student: Teacher, ____(1)_____ is my friend, Aung Aung.

Teacher: Nice to ____(2)_____ you.

Friend: Nice to meet you _____(3)____, teacher.

Student: He is 13 years old and studies in Grade 7.

Teacher: Welcome ____(4)_____ our class.

Exercise (2)

Sure He introduce too

Student: Hi, I'd like to ___(1)_____ my brother to you.

Classmate: ____(2)_____.

Student: This is my brother, Ko Min.

Classmate: Hello! Nice to meet you.

Brother: Nice to meet you ___(3)_____.

Student: ____(4)_____ is a university student and he likes reading books.

Classmate: That's great!

Exercise (3)

from to Nice Please

Student: Good evening. ____(1)_____ meet my cousin, Su Su.

Neighbour: Hello! Nice to meet you.

Cousin: Hello! ____(2)_____ to meet you too.

Student: She is 15 years old and she is ____(3)_____ Mandalay.

Neighbour: Welcome ____(4)_____ our neighbourhood.

Cousin: Thank you very much.

****

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုပန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရေဘေးပညာပေးစာစောင်


ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ် ထားပါ။

(ဥပမာ- အသက်ကယ် ကုန်ခြင်း၊ ရေလွှမ်းနိုင် သည့်နေရာများ၊ အဆောက်အအုံများ)



၁

၃။ ရေရှိပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။



၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အခြင့်ပေးများကို သိရှိမှတ်သားထားပါ။



၅။ သောက်သုံးရေများ ကြိုတင်စုဆောင်း ထားပါ။



၆။ မြေနိမ့်ဒေသ၊ မျိုင်း၊ ရေနက်ပြောင်း အစ ရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင် သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။



၄

၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ


၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြိုပြုချက်များကို လိုက်နာပါ။ အခြားသူများ ကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများရောင်းချား မြစ်များများတွင် မိုးကြိုး ပါက မြေဝပ်းတစ်လျှောက် တွင် လျှပ်တစ်ပြက်ရေကြီး ခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်း များကို မိမိနှင့်အတူထားရှိပါ။



၅

၉။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက် သွယ်ရန် ဖုန်းနံပါတ် အပည်၊ ရပ်ကွက်၊ ကျေးရွာမြို့ ဆက်သွယ် ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၁၀။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



ရေကြီးခြင်းဖြစ်ပေါ် နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြိုပြုချက်များကိုလိုက်နာပါ။



၆

၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးနှံးလုတ်များကို ပိတ်ထားပါ။



၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးစတ်ထားသော ရေကိုသာ အပြ သောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံ အဝင်း၌ ရှိ မရှိ စစ်ဆေးပါ။



ရေကြီးခြင်း ဖြစ်ပေါ် နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလို အပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ကြေးသော ဒေသများတွင် မြစ်၊ချောင်း ကမ်းပါး တို့ကိုကူးခြင်း ပြုကျ တတ်သောကြောင့် မြစ်၊ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၇

၃။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။



၄။ ရေရှိနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။



ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရ ဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြိုပြုချက်များကို လိုက်နာပါ။

၃။ အဓိကမြားအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင် များအား စနစ်တကျမီးရှို့ ခြင်း(သို့) မြေမြှုပ်ခြင်း များပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်း ကြားပြီး ကူညီ ရှင်းလင်းပါ။



၈

၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင် သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မပုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။



၂။ မသန့်ရှင်းသော ရေအရင်း အမြစ်များကို မသုံးစွဲပါနှင့်။

၃။ ရေရှိပြီး အနံ့အသက် မကောင်းသော အစား အစာများမစားပါနှင့်။



၇

အောက်ဖော်ပြပါအရေးပေါ်သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။

ရေပေါ်မျှပြီး ရေရှိစံကာ သယ်ယူရ လွယ်ကူသော အိတ်တွင်ထည့်ရန်။

- ☐ ရေနှင့် စာတ်ထားများ
- ☐ ကြာရှည်မံအစားအစာများ
- ☐ ရှေးဦးသုနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- ☐ အရေးပေါ်မြှောင်
- ☐ အဝတ်အစားများ
- ☐ ရေစိုမိုးကာ
- ☐ အကြမ်းခံသည့် ဖိနပ်၊
- ☐ ဘက်ထရီအားပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- ☐ လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပို များ
- ☐ ဘက်ထုံသုံးအိတ်ဆောင်ဆေးကြီး
- ☐ ဖေယောင်တိုင်၊ မီခြစ်
- ☐ အခြားသူများ အာရုံစိုက်မှုရစေရန် လိုအပ်သည့် ပိစိ
- ☐ တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာသွားတိုက်ဆေး)
- ☐ ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- ☐ ကလေးများ၏ ကျောင်းသုံးပစ္စည်းများ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

‘မို့’ သို့မဟုတ် ‘သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်’

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (၂၀၂၆ခုနှစ်၊ မေလ)

၁

သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်



‘မို့’သည် ကယ်လိုရီဓာတ် နည်းပါးစွာ ပါဝင်၍ ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝသော သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်ဖြစ်ပါသည်။

မို့၏ အာဟာရတန်ဖိုးများ

မို့ (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် –

- ကယ်လိုရီ (၂၂) မှ (၃၅) ကယ်လိုရီခန့်၊
- ရေဓာတ် (၈၀) မှ (၉၀) ရာခိုင်နှုန်းခန့်၊
- အသားဓာတ် (၃.၁) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်စစ်များစွာပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့် (အဆီဓာတ်နှင့် ကိုလက်စထရောအဆီများ ပါဝင်မှုနည်းပါးပါသည်)၊
- အမျှင်ဓာတ် (Fiber) (၁) မှ (၂) ဂရမ်ခန့်တို့ ပါဝင်ပါသည်။

၂

မို့တွင်ပါဝင်သော အာဟာရဓာတ်များ

- ဗီတာမင် ဒီ၊
- ဗီတာမင် ဘီအုပ်စု (Riboflavin - B2၊ Niacin - B3၊ Pantothenic Acid - B5)၊
- ဆီလီနီယမ်၊
- ပိုတက်စီယမ်၊
- ကြေးနီသတ္တုဓာတ်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione၊
- အမျှင်ဓာတ် (Beta-glucans) တို့ ပါဝင်ပါသည်။



၃

မို့၏ ကျန်းမာရေးအကျိုးကျေးဇူးများ

- ဗီတာမင် ဒီ နှင့် ဗီတာမင် ဘီအုပ်စုသည် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ထုတ်လုပ်မှုနှင့် အာရုံကြောစနစ်အတွက် အထူးကောင်းမွန်ပါသည်၊
- ဆီလီနီယမ်သည် ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပါသည်၊
- ပိုတက်စီယမ်နှင့် ကြေးနီသတ္တုဓာတ်များသည် သွေးပေါင်ချိန်ထိန်းညှိခြင်း၊ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေခြင်းနှင့် အရိုးများခိုင်မာစေခြင်းတို့အတွက် ကူညီပေးပါသည်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione သည် ဆဲလ်များရောင်ရမ်းမှုနှင့် ပျက်စီးမှုကို ကာကွယ်ပေးပါသည်၊
- အမျှင်ဓာတ် (Beta-glucans) သည် သွေးတွင်း အဆီဓာတ်ကို လျော့ကျစေပြီး ကိုယ်ခံအားကို အားကောင်းမွန်စေပါသည်၊
- အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် လူ၏ အစာချေစနစ်ကို အထောက်အကူပြုပါသည်။

၄

မို့၏ အသုံးဝင်မှုများ

ဆေးဖက်ဝင်မို့များ၏ ထူးခြားချက်

လင်ဇီးမို့ (Reishi) - သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် အသည်းရောဂါများအတွက် ဆေးဖက်ဝင်ပါသည်။

ကောက်ရိုးမို့ - နှလုံးအားကောင်းစေပြီး အပျိုမိန်းစေပါသည်။

ကြွက်နားရွက်မို့ (Wood Ear) - သွေးကြောပိတ်ခြင်းကို ကာကွယ်ပေးပြီး ဝမ်းမှန်စေရန် အသုံးပြုလေ့ရှိပါသည်။

သဘာဝအချိုမှုန့် - မို့ကို "မို့ဟင်းခတ်မှုန့်" အဖြစ် ထုတ်လုပ်နိုင်ပြီး အချိုမှုန့်အစားထိုးပစ္စည်း အဖြစ် အသုံးပြုနိုင်ပါသည်။

အသားဓာတ်နှင့် ဗီတာမင်ဓာတ်များစွာ ပါဝင်သောကြောင့် အသားမစားသူ (သက်သတ်လွတ် စားသူ)များအတွက် အလွန်သင့်တော်ပါသည်။

၅

သတိပြုရမည့်အချက်များ

- ဂေါက်ရောဂါ၊ အဆစ်ရောင်ဝေဒနာရှင်များ၊ ယားယံတတ်သော အရေပြားရောဂါနှင့် အစာအိမ်လေထိုးလေအောင့် ဖြစ်တတ်သူများအနေဖြင့် မို့ကိုသတိပြု၍ စားသုံးသင့်ပါသည်။
- စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားသောမို့ (ဥပမာ- ကောက်ရိုးမို့၊ ငွေနှင်းမို့) များကိုသာ စားသုံးသင့်ပါသည်။

အဆိပ်ရှိသောမို့နှင့် စားသုံးနိုင်သောမို့ကို ခွဲခြားရန် ခက်ခဲနိုင်သောကြောင့် **တောတွင်း အလေ့ကျပေါက်သည့်မို့များကို အလွယ်တကူ ခူးဆွတ်မစားသုံးမိရန်** အထူးသတိပြုရမည်။



ငွေနှင်းမို့

ကောက်ရိုးမို့

၆

မို့တွင် အာဟာရတန်ဖိုးများစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန်တိုက်တွန်းမျှဝေပါ။

တရုတ်နိုင်ငံတောင်တန်းဒေသများအထိ ရောက်ရှိအောင်မြင်နေသည့် ဒစ်ဂျစ်တယ်ပညာရေးစနစ်

စိုးသူရ



တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပညာသင်ကြားရေးကို အလေးထားဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တောင်တန်းဒေသရှိ ကျောင်းသားများ ခေတ်မီပညာရေးစနစ်ကို လက်လှမ်းမီစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ ပညာသင်ကြားရေးကဏ္ဍတွင် သမားရိုးကျ ပညာသင်ကြားရေးစနစ်သာမက ဒစ်ဂျစ်တယ်နည်းပညာများကိုပေါင်းစပ်ခြင်းဖြင့် တောင်တန်းဒေသမှ ကျောင်းသားများအတွက် အင်္ဂလိပ်စာအပါအဝင် နိုင်ငံတကာဘာသာရပ်များ တတ်မြောက်မည့် အခွင့်အရေးများ ရရှိလာစေသည်။ တရုတ်နိုင်ငံ၏ ဝေးလံခေါင်ဖျားသော တောင်တန်းဒေသများရှိ ကျောင်းသားများအတွက် ဒစ်ဂျစ်တယ်နည်းပညာသည် ပညာသင်ကြားရေးတွင် အဓိကကျသော ပေါင်းကူးတံတားတစ်စင်း ဖြစ်လာသည်။

ထိုသို့ဆောင်ရွက်ချက်ကြောင့် တရုတ်ဘာသာအပြင် နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာ တတ်ကျွမ်းစေရေးအတွက် ကျောင်းသားများကို အခွင့်အရေး ရရှိစေခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ်ရှိ တောင်တန်းဒေသတစ်ခုဖြစ်သော ကိုင်ဟွာ စီရင်စု ကွိရှီမြို့နယ်ဗဟိုကျောင်းတွင် ကျောင်းသားများသည် တက်ဘလက်များဖြင့် တရုတ်နှင့် အင်္ဂလိပ်ဘာသာဖြင့် ပုံပြင်စာအုပ်များကို ဖတ်ရှုနေသည်။

အဆိုပါကျောင်းမှ ကျောင်းသားများသည် "Qian Xiaowa" ဟု လူသိများသော AI စွမ်းအင်သုံး စက်ရုပ်နှင့် အပြန်အလှန်ဆက်သွယ်ကြပြီး ဉာဏ်ရည်တုနည်းပညာဖြင့် ဖန်တီးထားသည့် စက်ရုပ်က ကျောင်းသားများအား ဂန္ဓဝင်စာပေများကို ဖတ်ရှုရန်နှင့် ကဗျာများရွတ်ဆိုရန် ကူညီခဲ့သည်။

"တက်ဘလက်ထဲမှာ မိမိတစ်ခါမှ မဖတ်ဖူးတဲ့ စာအုပ်တွေနဲ့ ရုပ်ပြပုံပြင်တွေ အများကြီးရှိကြောင်းနှင့် တစ်ချက်နှိပ်ရုံနဲ့ အင်္ဂလိပ်စာသားတွေပဲဖြစ်ဖြစ်၊ တရုတ်စာသားတွေပဲဖြစ်ဖြစ် အသံထွက်အမှန်ကို သူကြားနိုင်ကြောင်း" အသက် ၁၀ နှစ်အရွယ် ကျောင်းသူတစ်ဦးက ဆိုသည်။

အဆိုပါကျောင်း၌ နှစ်ပေါင်းများစွာ သက်တမ်းရှိသည့် ကျောင်းစာကြည့်တိုက်တွင် စာအုပ် အနည်းငယ်သာရှိပြီး အများစုမှာ ခေတ်မမီသည့် စာအုပ်များသာဖြစ်ကြောင်း ကျောင်းမှ ဆရာမ Wang Wenhui က ဆိုသည်။

ယင်းပြည်နယ်တစ်ဝန်းရှိ ကျေးလက်ကျောင်းများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် အဆိုပါအစီအစဉ်သည် လွန်ခဲ့သော ခြောက်လခန့်က စတင်ခဲ့သည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင်စတင်ခဲ့သော ဤအစီအစဉ်သည် ကျောင်းသား ၁၀၀ အောက်ရှိသော ကျောင်းများသို့ နည်းပညာဖြင့် ပံ့ပိုးပေးခဲ့သည်။ ကွိရှီမြို့နယ်တွင် လေးတန်းမှ ခြောက်တန်းအထိ ကျောင်းသားများသည် ယခုအခါ ဒစ်ဂျစ်တယ်နည်းပညာဖြင့် စာပေများလေ့လာနိုင်ပြီဖြစ်သည်။

"ဒစ်ဂျစ်တယ်နည်းပညာသည် စာဖတ်ရန် အရင်းအမြစ်များ ရှားပါးမှုကို အဓိကဖြေရှင်းပေးသည်"ဟု Wang က ပြောကြားခဲ့သည်။ ယခုကဲ့သို့ နည်းပညာအသုံးပြုခြင်းဖြင့် ကလေးများကို စာပေလေ့လာစေရေးအတွက် ဆွဲဆောင်နိုင်ခဲ့သည်။

ယင်းကျောင်းရှိ ကျောင်းသားထက်ဝက်ခန့်သည် ယခုအစီအစဉ်အရ နေ့စဉ်စာဖတ်ခြင်းအလေ့အထကို ဆောင်ရွက်ခဲ့ကြသည်ဟု သူက ထပ်လောင်းပြောကြားခဲ့သည်။ ဇီကျန်းပြည်နယ်နှင့် တရုတ်နိုင်ငံတစ်ဝန်းရှိ အခြားနေရာများတွင် အလားတူအောင်မြင်သည့် ပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်းသိရသည်။ ဇီကျန်းပြည်နယ် ပူတူအိုခရိုင်ရှိ ကျောင်းများသည် မူလကစာအုပ်စုဆောင်းမှု အကန့်အသတ်ရှိသော သေးငယ်သည့်ကျောင်းများဖြစ်သည်။ ယခုအခါ ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခုသည် အဆိုပါကျောင်းများရှိ စာကြည့်တိုက်များတွင် စာအုပ်များ ငှားရမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားများအား အသိပညာဗဟုသုတများကို ဖြန့်ဖြူးနေသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တောင်တန်းဒေသ ကွေ့ကျိုးပြည်နယ်တွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခုသည် အီလက်ထရွန်နစ်စာအုပ်တစ်သန်းကျော်၊ ဒစ်ဂျစ်တယ်ဂျာနယ် ၁၀၀၀၀၊ ရုပ်သံဟောပြော ၃၆၀၀၀ နှင့် အသံစာအုပ် ၁ ဒသမ ၅ သန်းကို မြို့ပြနှင့် ကျေးလက်ဒေသရှိ စာဖတ်ပရိသတ်များအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဖြန့်ဖြူးပေးနေသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ဒါဝွမ်စီရင်စုရှိ စာကြည့်တိုက်သည် ကလေးများအတွက် အီလက်ထရွန်နစ် စာဖတ်ကိရိယာများနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို မိတ်ဆက်ခဲ့ပြီး အီလက်ထရွန်နစ်စာအုပ် ၆၀၀၀၀ နှင့် ဂျာနယ် ၄၀၀၀ ကို ဒစ်ဂျစ်တယ်စကြံ့များမှ အခမဲ့ပေးပို့ခဲ့သည်။

၂၀၂၅ ခုနှစ်ကုန်တွင် အရွယ်မရောက်သေးသူများကြား ဒစ်ဂျစ်တယ်စာဖတ်နှုန်းမှာ ၇၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် သုည ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမျိုးသားစစ်တမ်းတစ်ခုအရ သိရသည်။ ယခုအချိန်တွင် ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးလာခြင်းကြောင့် တောင်တန်းဒေသရှိ ကျောင်းသားများအနေဖြင့် အရည်အသွေးမြင့်စာပေများဖတ်ရှုရန် အကန့်အသတ်များရှိတော့မည်မဟုတ်ကြောင်း ဇီကျန်း တက္ကသိုလ်မှ ကျွမ်းကျင်သူ ဝူဇန်ယူက ပြောကြားသည်။

တရုတ်အစိုးရသည် "AI Plus Education" ကဲ့သို့သော စီမံကိန်းများဖြင့် နည်းပညာကို အခြေခံအဆင့်မှစတင်၍ ဖော်ဆောင်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစတင်ကာ တစ်နိုင်ငံလုံးရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် AI (Artificial Intelligence – ဉာဏ်ရည်တုနည်းပညာ)ဘာသာရပ်ကို မသင်မနေရ ဘာသာရပ်အဖြစ် ပြဋ္ဌာန်းခဲ့ပြီး ၎င်းစည်းမျဉ်းအရ ကျောင်းသား ကျောင်းသူတိုင်း တစ်နှစ်လျှင် အနည်းဆုံး ရှစ်နာရီ ဉာဏ်ရည်တုနည်းပညာသင်ခန်းစာများကို သင်ယူရမည် ဖြစ်သည်။

တရုတ်တောင်တန်းဒေသ ကျောင်းသားများ၏ ဒစ်ဂျစ်တယ်နည်းပညာသုံး စာပေလေ့လာမှုပုံစံများကို အောက်ပါအတိုင်း တွေ့ရှိနိုင်သည် –

၁။ ဉာဏ်ရည်တုနည်းပညာနှင့် ဒစ်ဂျစ်တယ် စာသင်ခန်းများ (AI & Digital Classrooms)

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ရှီးကျွန်း (Guangxi Zhuang) ကဲ့သို့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် အလယ်တန်းကျောင်းများမှစ၍ ဉာဏ်ရည်တုနည်းပညာ သင်ခန်းစာများကို စတင် သင်ကြားပေးနေပြီဖြစ်သည်။ ၎င်းသည် တောင်တန်းဒေသရှိ ကျောင်းသားများကို မြို့များရှိ ကျောင်းသားများနှင့် ရင်ပေါင်တန်းနိုင်စေရန် ရည်ရွယ်သည်။

၂။ အွန်လိုင်းမှတစ်ဆင့် သင်ကြားမှု (Remote Learning)

တောင်တန်းဒေသများတွင် ဆရာ ဆရာမ အင်အားမလုံလောက်မှုပြဿနာကို ဖြေရှင်းရန် ဒစ်ဂျစ်တယ်တွန်းအား (Digital Drive) ကို အရှိန်မြှင့်တင်ပြီး မြို့ကြီးများမှ ကျွမ်းကျင်သော ဆရာများ၏ သင်ကြားမှုကို အင်တာနက်မှတစ်ဆင့် တိုက်ရိုက် ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ပေးထားသည်။

၃။ ဒစ်ဂျစ်တယ် စာကြည့်တိုက်များနှင့် ရင်းမြစ်များ

ကျောင်းသားများသည် ဖတ်စာအုပ်များအပြင် အွန်လိုင်းပေါ်ရှိ ဒစ်ဂျစ်တယ်ရင်းမြစ်များ၊ ရုပ်သံသင်ခန်းစာများကို အသုံးပြု၍ ဘာသာစကားနှင့် အထွေထွေဗဟုသုတများကို လေ့လာကြသည်။

တရုတ်နိုင်ငံမှ ကျောင်းသားများ စာဖတ်ခြင်းကို ပိုမိုစိတ်ဝင်စားလာစေရန်အတွက် ကျေးလက်စာသင်ကျောင်းများတွင် စမတ်စာဖတ်ကိရိယာများ (Smart Terminals/E-reading devices) ကို ပံ့ပိုးပေးထားသည်။

စာကြည့်တိုက်များအပြင် နည်းပညာကုမ္ပဏီကြီးများကလည်း ကျေးလက်ဒေသရှိ ကျောင်းသားများအတွက် အွန်လိုင်းသင်ကြားရေး ပလက်ဖောင်းများကို ဖန်တီးပေးထားသည်။

Tencent ကဲ့သို့သော နည်းပညာကုမ္ပဏီများက စေတနာဝန်ထမ်း ဆရာများမှတစ်ဆင့် ကျေးလက်ကျောင်းပေါင်း ၁၀၀၀ ကျော်သို့ တိုက်ရိုက်သင်ကြားမှု (Livestream lessons) များနှင့် ပညာရေးရင်းမြစ်များကို ဖြန့်ဖြူးပေးနေသည်။

ကျောင်းသားများ လွယ်ကူစွာသင်ယူနိုင်စေရန် "TaoliOnline"ကဲ့သို့သောအွန်လိုင်းဂိမ်းပုံစံသင်ကြားရေး ပလက်ဖောင်းများဖြင့် သန့်ရှင်းစာနှင့် အင်္ဂလိပ်စာတို့ကိုလေ့လာနိုင်ရန် စီစဉ်ပေးထားကြောင်း တွေ့ရှိရသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်တည်ဆောက်ရန်ခက်ခဲသည့် တောင်တန်းဒေသရှိရွာများတွင် Cloud-based Library များကို အသုံးပြု၍ စာပေများလေ့လာနေသည်။

ယင်းအစီအစဉ်အရ ကျောင်းသားများသည် ကျောင်းနံရံနှင့် ဘတ်စ်ကားမှတိုင်များရှိ ကျူအာကုတ်များကို စကင်ဖတ်ရုံဖြင့် အီလက်ထရွန်နစ်စာအုပ်များကို ဖတ်ရှုနိုင်သည်။

နိုင်ငံတော်အုပ်ချုပ်ရေးက စာပေဖတ်ရှုလေ့လာခြင်းကို အားပေးသည့်အစီအစဉ်များ ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံတွင်စာဖတ်ရှိနှုန်းမြှင့်တင်ရေးကိုလည်း ဆောင်ရွက်နေပြီး ဧပြီလ၏ နောက်ဆုံးသီတင်းပတ်ကို အမျိုးသားစာဖတ်ရှိနှုန်းမြှင့်တင်ရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ခဲ့သည်။

ပညာရေးသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့် လိုအပ်ချက်တစ်ခုဖြစ်ရာ တရုတ်နိုင်ငံတောင်တန်းဒေသများတွင် ဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကျောင်းသားများအား စာပေလေ့လာရေးဆောင်ရွက်ချက်သည် ပညာရေးကဏ္ဍအတွက် ကြိုဆိုရမည့်ဆောင်ရွက်ချက်ဖြစ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ကိုးကား – Digital tools help bridge reading gap for rural Chinese children

"ကျေးလက်ကျောင်းများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရန်ရည်ရွယ်သည့် အဆိုပါအစီအစဉ်သည် လွန်ခဲ့သောခြောက်လခန့်က စတင်ခဲ့သည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင်စတင်ခဲ့သော ဤအစီအစဉ်သည် ကျောင်းသား ၁၀၀ အောက်ရှိသော ကျောင်းများသို့ နည်းပညာဖြင့် ပံ့ပိုးပေးခဲ့သည်။ ကွိရှီမြို့နယ်တွင် လေးတန်းမှ ခြောက်တန်းအထိ ကျောင်းသားများသည် ယခုအခါ ဒစ်ဂျစ်တယ်နည်းပညာဖြင့် စာပေများလေ့လာနိုင်ပြီဖြစ်သည်။"

မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး)တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

သတ်မှတ်ချက်များ

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည် မသန်စွမ်းမှုအမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Developmental Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှု အမျိုးအစားများ
- (စ) ခြေလက်မပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၃။ အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်းခေါ်ဆောင်၍ အပ်နှံရမည်။

ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ

၁။ ကလေး၏ ပတ်စ်ပို့ခ်ဘတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ အိမ်ထောင်စုဇယားမူရင်းနှင့် မိတ္တူ

၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ

၄။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်း၊ တတိယပတ်တွင် ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလ၊ စတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်အပြင် မိမိတို့၏ တစ်နေ့တာ လုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဓေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၉၀၅၀၊ ၀၉-၂၅၀၀၈၇၂၉၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၄၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန

မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

သတ်မှတ်ချက်များ

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
- (က) လုံးဝမမြင်သူများ
- (ခ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပို)
- (ဂ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ

၂။ စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။

၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။

၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ

၁။ ကလေး၏ ပတ်စ်ပို့ခ်ဘတ်ပုံ (၄) ပုံ၊ မွေးစာရင်းမူရင်းနှင့် မိတ္တူ

၂။ မိဘ (၂)ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ

၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင် နေထိုင်ကြောင်း ထောက်ခံချက်

၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမားရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့) သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ်၆/၂၈မြို့သစ်ရပ်ကွက်၊ မရိုခဏဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်ကတာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပေးသွင်းရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း-၀၉-၂၅၇၃၃၇၉၊ ၀၉-၄၂၀၃၃၆၆၁၊ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၀၂၆၄၅၀၃၁၊ ၀၉-၂၅၀၂၄၄၂၈ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန

ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် အမှတ်(၁) တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်တို့ ကြည့်ရှု



ရန်ကုန် မေ ၃၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်) သို့ ရောက်ရှိပြီး သင်ကြားသင်ယူမှုဆိုင်ရာပစ္စည်းများ ရောက်ရှိမှုအခြေအနေများနှင့် ဆရာ ဆရာမများ ခန့်အပ်တာဝန်ပေးထားမှုအခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် သင်ကြားသင်ယူမှုဆိုင်ရာအထောက်အကူပြုစာအုပ်များ၊ ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများထံ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ရှိ လှည်းကူးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများ သက်သာချောင်ချိရေးအတွက် မွေးမြူရေးကြက်ခြံတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

အာဆီယံ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌများ(၅)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်



ရန်ကုန် မေ ၃၁

တရုတ်ပြည်သူသမ္မတ နိုင်ငံပြည်ပနိုင်ငံခြား တိုင်းပြည်များနှင့် ချစ်ကြည်ရေးအသင်း(CPAFFC)က ဦးဆောင်ကျင်းပသော အာဆီယံ - တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌများ (၅)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၅ ရက်မှ ၂၈ရက်အထိတရုတ်နိုင်ငံအနှံ့ပေးပြည်နယ် HUAXIAN မြို့၌ ကျင်းပရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေး (၃၅)နှစ်မြောက်နှင့် တရုတ်-အာဆီယံ ပြည်သူချင်း ချစ်ကြည်ရေး အုတ်မြစ်ချထူထောင်မှု နှစ်(၂၀)မြောက် အတွက်ပါ အမှတ်တရ ခမ်းနားစွာ ကျင်းပခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်-အာဆီယံနိုင်ငံများမှ ပြည်သူချင်း ချစ်ကြည်ရေးအသင်းများအနေဖြင့် ထိတွေ့ဆက်ဆံခဲ့ကြသည်မှာ နှစ်ကာလအချို့ကြာလာသည်နှင့် အမျှ အပြန်အလှန် ယုံကြည်မှု၊ လေးစားမှုများနှင့် ချစ်ကြည်ရေး ကဏ္ဍများ တည်ဆောက်နိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ ဒေသဝေါင်းဖွံ့ဖြိုးတိုးတက်မှုများကို Win-Win ပေါ်လစီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ မိတ်ဖက်မဟာဗျူဟာမြောက် ဆက်ဆံရေးမှ အေးအတူ ပူအမျှ အသိုက်အဝန်း အတူတကွ တည်ဆောက်နေထိုင်သွားကြရန်၊ ချစ်ကြည်ရေးဘက်စုံတိုးမြှင့်ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးလုပ်ငန်းများ ဘက်စုံတိုးမြှင့်ရန် ရှေ့လုပ်ငန်းစဉ် (၂၀၂၆-၂၀၂၈) ကိစ္စရပ်များ ဆွေးနွေးဖလှယ်ကြသည်။

မေ ၂၈ ရက်တွင် AN HUI ပြည်နယ် HUANG SHAN မြို့၌ အစိုးရက ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် ချစ်ကြည်ရေးမြို့များနှင့် ဒေသခံပြည်နယ်အစိုးရအဖွဲ့တို့ တွေ့ဆုံကျင်းပသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ အပြန်အလှန် ဆွေးနွေးပွဲဖိုရမ်သို့ အာဆီယံ-တရုတ် ချစ်ကြည်ရေး ၁၀ နှိုင်ငံ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဖိုရမ်သို့ မလေးရှား ပါလီမန် အမတ်၊ အင်ဒိုနီးရှား၊ နယူးဇီလန်၊ လာအို၊ ဗီယက်နမ်၊ တရုတ် (ဟောင်ကောင်)၊ ကမ္ဘောဒီးယား တို့မှ ပါလီမန်အမတ်များ၊ အစိုးရ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လက်တွေ့ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ဥယျာဉ်ပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ

အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

မန္တလေးလိပ်စာ

ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။





Alpine Vitamin Drink ဒုတိယအကြိမ် ကားကံထူးရှင် ဆုချီးမြှင့်ပွဲ ပြုလုပ်

ရန်ကုန် မေ ၃၁

Alpine Vitamin Drink ၏ ဒုတိယအကြိမ် ကားကံထူးရှင် ဆုချီးမြှင့်ပွဲကို မေ ၃၁ ရက်က နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Loi Hein Group of Companines ဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းက ဒုတိယအကြိမ် ကားကံထူးရှင် ကိုစိုးကျော်အား ကားပေးအပ်ပြီး ကိုဖြိုးမောင်မောင်က ကျေးဇူးတင်စကားပြောကြားသည်။ ယင်နောက် တက်ရောက်လာသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကံစမ်းမဲများ ဖောက်ပေးသည်။

Alpine Vitamin Drink အချုံရည်သည် သောက်သုံးသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကားအပါအဝင် တန်ဖိုးကြီး ကံစမ်းမဲများ ထပ်မံထည့်သွင်းမဲဖောက်ပေးလျက်ရှိပြီး ပထမအကြိမ် ကားကံထူးရှင် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်ကပြုလုပ်ခဲ့ရာ ကံထူးရှင် ကိုဖြိုးမောင်မောင်အား ကားပေးအပ်ခဲ့သည်။ Alpine Vitamin Drink အချုံရည်သည် ကားအပါအဝင် တန်ဖိုးရှိကံစမ်းမဲများ ဆက်လက် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-စိုးညွှန့်သော်

*** ကျောဖုံးမှ**

ယနေ့ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ပဒေသာအားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် ဇွန် ၁ ရက်တွင် ပြိုင်ပွဲ တစ်ရက်နားမည်ဖြစ်ပြီး ဇွန် ၂ ရက် မွန်းလွဲ ၃ နာရီတွင် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်ကို သင်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးလေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်ကို ညနေ ၄ နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ရာ ဘောလုံးအားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) ဆက်လက်ကျင်းပပြီး SGF Youth အသင်း လေးပွဲဆက်အနိုင်ဖြင့် ဆက်လက်ဦးဆောင်

ရန်ကုန် မေ ၃၁

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)ကို မေ ၃၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ SGF Youth အသင်း လေးပွဲဆက်အနိုင်ဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပွဲစဉ်(၄)တွင် Victoria အသင်းက Jullniss အသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ SGF Youth အသင်းက Avengers Junior အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက မာရိန်းအသင်းကို ငါးဂိုး-လေးဂိုး၊ TKA Stars အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး-သုံးဂိုး၊ FFU မင်းမဟော်အသင်းက United City အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Mahar Burma အသင်းက ဘူရိုဒိုအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။

ပွဲစဉ်(၄) အပြီးတွင် SGF Youth အသင်းက ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး FFU မင်းမဟော်အသင်း၊ Mahar Burma အသင်းနှင့် Victoria အသင်းတို့က ကိုးမှတ်စီ၊ Pacific Sun Far အသင်းက ခုနစ်မှတ်၊ Avengers Junior အသင်းနှင့် TKA Stars အသင်းက ခြောက်မှတ်၊ Jullniss အသင်းက လေးမှတ်၊ United City အသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းတို့က သုံးမှတ်စီ၊ မာရိန်းအသင်းနှင့် ဘူရိုဒိုအသင်းတို့က တစ်မှတ်စီရရှိထားသည်။ သတင်း-မျိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF



SGF Youth အသင်းနှင့် Avengers Junior အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

❍ ဝီအက်စ်ဂျီအသင်းမှ

အဲဒါကြောင့် အချိန်ပိုကစားခဲ့ရာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ ဝီအက်စ်ဂျီအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဝီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အီတလီစီးရီးအောကလပ် အင်တာမီလန်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလားကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး လက်ရှိ အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ဖလားကို နှစ်ရာသီဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက နှစ်ပေါင်း ၂၂ နှစ်အတွင်း ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးထားတဲ့ နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းကတော့ ဝီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ဒါပြင် အာဆင်နယ်အသင်းဟာ သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို နှစ်ကြိမ်တက်လှမ်းခဲ့ရာမှာ နှစ်ကြိမ်စလုံးရှုံးပွဲကြုံခဲ့ရတဲ့ မှတ်တမ်းဆိုးနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

ဇွေကြေယ်

မြန်မာနေရှင်နယ်လိဂ်ကလပ် ဒဂုံစတားယူနိုက်တက်အသင်း နိုင်ငံခြားသားကစားသမားနှစ်ဦး ခေါ်ယူ



ရန်ကုန် မေ ၃၁

မြန်မာနေရှင်နယ်လိဂ်ကလပ် ဒဂုံစတားယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် နိုင်ငံခြားသားကစားသမားနှစ်ဦး ခေါ်ယူအားဖြည့်ခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းသည် တိုက်စစ်ပိုင်းအားဖြည့်ရန် နိုင်ငံခြားသားကစားသမားနှစ်ဦးခေါ်ယူခဲ့ပြီး MNL တွင် ကစားဖူးသည့် ကစားသမားများအား ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ရခိုင်ယူနိုက်တက်အသင်းတွင် ကစားခဲ့ဖူးသည့် တိုက်စစ်ကစားသမား ကင်မရွန်းနိုင်ငံသား မီဆိုနှင့် Dagon Port အသင်းတွင် ကစားဖူးသည့် တိုက်စစ်မှူး ကင်မရွန်းနိုင်ငံသား အဲရစ်ကန်တိုနာတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဒဂုံစတားယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် ပြည်တွင်းကစားသမားအများစုနှင့် လမ်းခွဲခဲ့သလို ပေါ်တူဂီနိုင်ငံသား နည်းပြချုပ် ရူအီနှင့်လည်း လမ်းခွဲထားသည်။ ရာသီသစ်အတွက်နည်းပြချုပ် သစ်အဖြစ် ဦးချစ်နိုင်အား ခန့်အပ်ထားပြီး လက်ရှိတွင် နိုင်ငံခြားသား ကစားသမားနှစ်ဦး ခေါ်ယူထားကာ ပြည်တွင်းကစားသမားများ ဆက်တိုက် ခေါ်ယူဖွယ်ရှိနေသည်။ သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-DSUFC

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၁၄၅)၊ ၃-ထပ်ခွဲတိုက်၏ ၁၂ ပေခွဲx ၅၀ ပေ အကျယ်အဝန်းရှိ ပထမထပ်(ဘီ)အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိနေထိုင်ပိုင်ဆိုင်သော ဦးတင်နိုင်အောင်[၁၂/ကမရ(နိုင်)၀၁၅၇၇၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးပပဝင်း ၁၂/အစန(နိုင်)၂၀၂၂၁၁] ကိုင်ဆောင်သူမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး၊ ကန့်ကွက်လိုပါက (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မိုးပပဝင်း
[၁၂/အစန(နိုင်)၂၀၂၂၁၁]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သန္တာထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၅၀၇)(၁၆-၅-၂၀၁၇)

အမှတ်(၁၂၀)၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - ၀၉- ၄၂၀၁၁၁၄၄၂

(၁၈-၈-၂၀၂၅) ရက်နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၆) ပါ ဒေါ်ခင်သန်းမြင့် [၁၂/ပဘတ(နိုင်)၀၁၁၃၂၆]၏ တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်သိန်းပါ(၃) ဦးတို့၏ ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့် ပတ်သက်၍ အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရွှေဘုံသာအထက်လမ်း၊ အမှတ်- ၃၆၃၊ ၄-လွှာ၊ (ညာ) နေ **ဒေါ်ယဉ်ပြုံး [၁၂/သဃက (နိုင်)၁၂၄၄၁၉]** ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်-

လူကြီးမင်း၏ ပြန်လည်ရှင်းလင်း ကြေညာချက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံချိန်သစ်လမ်း၊ အမှတ်(၂၇၀)ဟုသာဖော်ပြခဲ့ပြီး အချင်းဖြစ်မြေကွက်၏ မြေတိုင်းရပ်ကွက်အမှတ်၊ မြေကွက်အမှတ်နှင့် အကျယ်အဝန်းတို့ကို ဖော်ပြပါရှိခြင်းမရှိဘဲ မမှန်မကန်ထိမ်ချန်ပြီး ကြေညာခဲ့ခြင်းဖြစ်ပါသည်။ အမှန်တကယ် ဒေါ်ခင်သန်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က) ရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ်(၂၇၀) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ **မြေကွက်အမှတ်- ၁၇/စ၊** B လ/န ၃၉၊ မြေအမျိုးအစား၊ မြေဧရိယာ **အကျယ်အဝန်း (၀.၃၄)** ဧကကိုသာ အမည်ပေါက် ပိုင်ဆိုင်ခြင်းဖြစ်ပြီး မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ **မြေကွက်အမှတ်- ၁၇/ဃ၊** မြေဧရိယာ **အကျယ်အဝန်း (၀.၂၉၄)ဧက**၊ မြေပိုင်မြေအမျိုးအစား မြေကွက်မှာ **ဦးလှမြိုင် [၁၂/သဃက (နိုင်) ၁၃၈၀၀၀]** အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ကြောင်းနှင့် မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ **မြေကွက်အမှတ်- ၁၇/င၊** မြေဧရိယာ **အကျယ်အဝန်း (၀.၁၈၁)**ဧက၊ B လ/န ၃၉၊ မြေအမျိုးအစား မြေကွက်မှာ **ဒေါ်ကျင်မြိုင် (ခ) အွန်းကျင်မြိုင် အယ်လ်အမ်ဒီဒဗလျူ - ၀၀၀၈၇၂** အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။

ထို့ကြောင့် မြေကွက် (၃) ကွက်အနက် ဒေါ်ခင်သန်းမြင့်မှာ မြေဧရိယာ အကျယ်အဝန်း (၀.၃၄) ဧကရှိသော မြေကွက်ကိုသာ ပိုင်ဆိုင်သူဖြစ်ပြီး ကျန်မြေကွက် (၂) ကွက်မှာ ဒေါ်ခင်သန်းမြင့် ပိုင်ဆိုင်သည့် မြေကွက်များမဟုတ်ဘဲ ကွယ်လွန်သူ (ဖခင်)ဦးတင်ရွှေ ကျန်ရစ်ခဲ့သည့် အမွေဆိုင်(၅)ဦးတို့မှ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသော အမွေပစ္စည်းသာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမွေဆိုင်မြေကွက် (၂) ကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေ သဘောတူခွင့်ပြုချက် မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်လာပါက ဥပဒေနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်သန်းမြင့်နှင့် အများသိစေရန် တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။


လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှချို	ဒေါ်မာမာသိန်း	ဒေါ်နီနီဝင်း
(B.Sc,H.G.P,R.L, D.B.L, D.M.L)	(LL.B)	(LL.B)
(စဉ်-၅၅၅၄)	(စဉ်-၈၇၉၂)	(စဉ်-၁၉၉၄၉)

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၅၈)၊ မြေညီထပ်၊ မွှေးရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉- ၅၀၆၄၉၅၉

MOEE YESC

လျှပ်စစ်ကြိုးများကို သံဇကာ၊ သွပ်မိုး၊ သံထည်ပစ္စည်း စသည့် လျှပ်ကူးပစ္စည်းများနှင့် ထိတွေ့၊ ချည်နှောင်၊ သွယ်တန်း သုံးစွဲခြင်းမပြုရ



အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အခြေခံပညာမူလတန်းကျောင်း (၃)ရပ်ကွက် G-5 မှ (ဘ) ဦးကျော်ဝင်းညွန့် [၇/အတန(နိုင်) ၀၇၁၁၅၉]၏ သမီး မဖူးသံဇဉ်ချို ၏ အမည်မှန်မှာ မဖူးသံစဉ်ချို ဖြစ်ပါကြောင်း။

မဖူးသံစဉ်ချို

အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဘ) ဦးပြည့်ဖြိုးကျော်[၇/ပတတ(နိုင်)၁၁၈၇၅၃]၏ သမီး မခြူးဟေသာကျော်အား မခင်တော်ဝင်ကျော်ဟု ပြောင်းလဲ ခေါ်ပါရန်။

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အဏ္ဏဝါ၊ Grade- 6 မှ မောင်ရဲလင်းထက်၏ ဖခင် အမည်မှန်မှာ ဦးဆန်းမွန် [၁၀/ရမန(နိုင်)၁၀၂၅၄၂]ဖြစ်ပါကြောင်း။

ဦးဆန်းမွန်

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင် ကော့မှူးမြို့နယ်၊ ဆားတိုင်မွှတ်ကျေးရွာနေ မဇွန်ဖူးဝေ Grade 11၊ မပြုံးချယ်ရီခိုင် Grade 4 တို့၏ ဖခင် အမည်မှန်မှာ ဦးမင်းမင်းဦး [၁၂/ကမန(နိုင်)၀၈၂၀၀၄] ဖြစ်ပါကြောင်း။

ဦးမင်းမင်းဦး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၀၇)၊ ဦးပိုင်အမှတ်(၄-ဆ)၊ရွှေစံကိုင်လမ်း၊ ၈၂x၈၄လမ်းကြား၊ မြို့ဟောင်းဈေးအနီးရှိ (မိခင်)ဒေါ်သိန်းရွှေ (သား) ကိုပေါတို့(၂)ဦး ပူးတွဲအမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၀၄၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ကျော်မာ[၅/မမတ(နိုင်)၀၀၉၄၅၀]၊ ဒေါ်စန်းတင်[၅/မမတ (နိုင်)၀၅၂၂၇၆]၊ ဒေါ်မြင့်မြင့် [၅/မမတ(နိုင်)၀၅၈၇၉၆]၊ ဒေါ်မြင့်မြင့်ဝင်း[၅/မမတ(နိုင်)၀၀၀၂၇၁]တို့၏ (SPရရှိသူ ဦးနန္ဒာမင်း)၊ ဒေါ်သီတာဦး [၉/မရတ(နိုင်)၀၄၅၇၀၁] တို့က အမှုတွဲအမှတ် (၀၃၀၂/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

နိုင်ငံတစ်ဝန်း

စိမ်းလန်းဖို့

သစ်ပင်

စိုက်ပျိုး

ထိန်းသိမ်းစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၁၈၀၄)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေရှိ ဦးလှထွန်းအမည်ပေါက် မြေချပါမစ်မြေကွက်ထဲမှ (မြေကွက်အမှတ်-၁၈၀၅နှင့်ကပ်လျက်အခြမ်း)မြေအလျားxအနံ(၁၀x၆၀)ပေရှိ မြေကွက်အား မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ချိုချိုသက်[၁၂/သဃက(နိုင်)၁၅၃၉၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသင်းကြည်[၁၂/သဃက(နိုင်)၁၇၁၉၄၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သော်သော်စန္ဒီဦး (LL.B,DIPL,DBL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၁၄)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ ၇/ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၃၀၉၃၇၄၆

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၂)၊ ဦးပိုင်အမှတ်(၃၉+၄၀)အတွင်းမှ (၄၀)ခဲစင်း၊ ၅၃x၅၄ကြား၊ ၁၀၈x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်တုပ် ကွယ်လွန်၍အမွေဆက်ခံစာချုပ်အမှတ်(၄၂၈၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဦးမင်းအောင်၊ ဒေါ်လှလှမြင့်၊ ဒေါ်လှလှတင့်၊ ဦးမျိုးသန့်၊ ဦးအောင်နေမျိုး၊ ဒေါ်မြသီတာ တို့၏(GPရရှိသူ ဒေါ်လဲ့လဲ့အောင်)မှတာဝန်ခံလက်မှတ်ရေးထိုးပြီး ဦးမင်းအောင်ပါ(၆)ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၅၉၇/၂၀၂၅) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်လီရှန်ဖိန်း(ခ)လီရှန်ဖိန်း[၁၃/ကခန(နိုင်)၀၆၃၁၄၈]က အမှုတွဲအမှတ်(၀၃၀၁/၂၀၂၆-၂၀၂၇)ဖြင့်ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်-25-E၊ မြေကွက်အမှတ်- ၁၁၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာ- အမှတ်(၃၆)၊ တော်ဝင်လမ်း၊ ထီးတန်းစက်မြေရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်သိန်းခင် အမည်ပေါက်၊ စက္ကူတာမြေကွက်အား အလုံခရိုင်တရားရုံးတွင် ဦးစောလှဝင်းရွှေက တရားလိုပြု၍ ဒေါ်သိန်းခင်ကို တရားပြိုင်ထားကာ "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု" စွဲဆိုသည့်အလုံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၇၇/၂၀၂၅ ၏ (၂၀-၁၀-၂၀၂၅)ရက်နေ့စွဲဖြင့် တရားပြိုင်ဒေါ်သိန်းခင်သည် တရားလိုဦးစောလှဝင်းရွှေအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ချမှတ်သည့် စီရင်ချက်နှင့်အနိုင်ဒီကရီ၊ အလုံခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်- ၇၁/၂၀၂၅ တွင်တရားရှုံးဒေါ်သိန်းခင် ကိုယ်စား မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် အလုံခရိုင်တရားရုံး၏ ဒုတိယဦးစီးမှူး ဒေါ်ချိုဇင်သင်းအား ဘီလစ်ခန့်အပ်ကြောင်း(၂-၁၂-၂၀၂၅)ရက်နေ့စွဲပါထုံးပုံကျအပြီးသတ် အမိန့်နှင့် (၃-၁၂-၂၀၂၅)ရက်စွဲပါအကြောင်းကြားစာ၊ ယင်းမြေအား ဒေါ်သိန်းခင် ဝယ်ယူခဲ့သည့် အရောင်းအဝယ်စာချုပ်အမှတ်- ၇၁၄/ ၁၉၆၂(၃၀-၃-၁၉၆၂)(မိတ္တူမှန်)၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဒေါ်ချိုဇင်သင်း[၁၂/ဒဂတ(နိုင်)၀၆၁၀၂၈]က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၂၆၊ မြေကွက်တည်နေရာအမှတ်(၂၆)၊ အာသာဝတီလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအုန်းဌေးဝင်း[၁၄/ရကန(နိုင်)၀၈၄၇၆၆]အမည်ပေါက် နှစ်(၆၀)၊ မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးအုန်းဌေးဝင်း [၁၄/ရကန(နိုင်)၀၈၄၇၆၆]မှ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ (၂၀၂၁)ခုနှစ်တွင် ၎င်း၏ GP ရသူ ဦးကိုကိုဇော်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်ဌာန၌ (၂၀၂၃-၂၀၂၄)ခုနှစ်အတွင်း (GP ဦးကိုကိုဇော်)မှ တစ်ဆင့် မြေပုံမြေရာဇဝင်ကူးယူခဲ့ပြီး မြေပုံအား ထုတ်ယူခဲ့ပါကြောင်း အဆိုပါမြေပုံမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားပါကြောင်း မည်သူ့ကိုမျှရောင်းချခဲ့ခြင်းလည်းမရှိပါကြောင်း၊ အရှုပ်အရှင်းမရှိပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ ပူးတွဲ၍တင်ပြလာသဖြင့် ယခု အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးထပ်မံ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုးရိပ်ရပ်ကွက်၊ (၂)လမ်း၊ အပိုင်း(၅)ရှိ အမှတ်(၇၄၆) မြေညီထပ်တွင်နေထိုင်သူ ဦးကြိုင်ရွှေ[၁၂/သဃက(နိုင်)၀၆၆၂၄၀]ကိုင်ဆောင်သူ၏ သားဖြစ်သူ ဦးဖြိုးမင်း [၁၂/သဃက(နိုင်)၁၅၄၅၁၁]သည် အိမ်ထောင်စကျသည့်အချိန်မှစ၍ ၎င်း၏ ငွေရေးကြေးရေးကိစ္စရပ်များအား ဖခင်ဖြစ်သူမှ အကြိမ်ကြိမ်လိုက်လံဖြေရှင်းပေးခဲ့ရပြီး ယခုချိန်ထိ ဖခင်ဖြစ်သူ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ဖခင်ဖြစ်သူအား နည်းပေါင်းစုံဖြင့် အကြိမ်ကြိမ် စိတ်မချမ်းမြေ့ရကိစ္စရပ်များအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ဖုန်းနှင့်တစ်မျိုး၊ လူကိုယ်တိုင်သော်လည်းကောင်း ပြုလုပ်ခဲ့ပါသည်။ ယခုအခါ ဖခင်ပိုင်ငွေများအား အလွဲသုံးစားပြုလုပ်ကာ ဒဂုံမြို့သစ်တောင်ပိုင်းရှိ ဖခင်ပိုင်နေအိမ်မှ ၎င်း၏ သဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ဦးဖြိုးမင်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ဦးဖြိုးမင်းနှင့်တကွ ၎င်းမိသားစုနှင့်ပတ်သက်သည့် ငွေကြေးကြေး အရှုပ်အရှင်းများအား ဖခင်ဖြစ်သူ ဦးကြိုင်ရွှေမှ သိရှိခြင်းမရှိသည့်အတွက် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဦးဖြိုးမင်းနှင့် ဦးကြိုင်ရွှေတို့မှာ မည်သည့်မျှသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးကြိုင်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လင်းအိန္ဒိဇင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၄)
အမှတ်(၉/၁၁)၊ ပထမထပ်၊ အခန်းအမှတ်(၁၀၁-H)၊ ၃၆လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ 09-421153723

အမည်တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ခရိုင်၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက် United Education Centre (UEC) ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၅-၂၀၂၆၊ ပညာသင်နှစ် Grade(5) အောင်မြင်ပြီးသော (အဖအမည်) ဦးခွန်ညွှန့်ဝင်းလှိုင် [၁၂/ကမရ(နိုင်)၀၅၀၀၄၈]၏ သားဖြစ်သူ ခွန်မျိုးမြင့်စိုးနှင့် မောင်ခွန်မျိုးမြင့်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်(၂)ရပ်ကွက်၊ စံရိပ်ငြိမ်(၅)လမ်း၊ အမှတ်(၄၅)ဟုခေါ်တွင်သော မြေရှင်ဒေါ်ချိုချိုမြင့်၊ ဦးအေးထွန်းမြင့်နှင့် ဦးအေးသန်းမြင့်တို့ (၃)ဦး ပူးတွဲပိုင်ဆိုင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၃) ခန်းတွဲ(၆)ထပ်တိုက်အနက်မှ မြေရှင် ဦးအေးသန်းမြင့်ပိုင်ဆိုင် အကျိုးခံစားရသည့် တတိယထပ်(၄)လွှာ(တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အစွန်ခန်း)၊ အကျယ်အဝန်း(၁၂ ½ x၅၀)ပေခန့်ရှိ တိုက်ခန်းနှင့်ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကွယ်လွန်သူမြေရှင် ဦးအေးသန်းမြင့်၏ တစ်ဦးတည်းသော အမွေဆက်ခံခွင့်ရှိသည့် သားဖြစ်သူ ဦးအောင်မျိုးဇင်[၁၂/ကမရ(နိုင်)၀၅၄၄၁၃]ထံမှ ဝယ်ယူထားသူကတစ်ဆင့် အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ဒေါ်သင်းသင်းမော် [၈/ခမန(နိုင်)၀၀၅၆၂၆]မှ မိမိတရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသကြိန်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၄၄)
ဖုန်း-၀၉-၄၂၇၄၁၁၁၄၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/အေ)၊ သစ္စာ(၉)လမ်းနှင့် မေတ္တာလမ်းထောင့်၊ မြေကွက်အမှတ် (၃၉၂) မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) မေတ္တာလမ်းနှင့် ကပ်လျက်ဘက်အခြမ်းဖြစ်သည့် မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ မီး မီတာအပါအဝင် အကျိုးခံစားခွင့်တစ်ရပ်ရပ်အားလုံးတို့အား ဦးဝင်းမင်းသူမှ အမည်ပေါက်ပိုင်ဆိုင်ပြီး (၂၆-၅-၂၀၂၅) ရက်နေ့တွင် ဦးအောင်မိုး [၁၂/ရကန(နိုင်)၀၆၆၅၈၉]သို့ ပြန်လည်ရောင်းချခဲ့ပါသည်။ ဦးအောင်မိုးမှအထက်ဖော်ပြပါ အိမ်ခြံမြေကွက်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချစီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မိုးထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရဲကျော်စွာ [၁၂/ဥကတ(နိုင်)၁၅၃၇၂၇]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့သတင်းစာ ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးရဲကျော်စွာ
[၁၂/ဥကတ(နိုင်)၁၅၃၇၂၇]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဥမ္မာအောင် (ကနောင်)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၅၁)
ဒေါ်ဇင်မာဦး
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၇၀)
အမှတ်(၈၄-က)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၅၆၂၉၆၉၅၉

နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

